# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ရာဂသည် ဖောက်ဝင်နိုင်၏**

အိမ်ကို မကောင်းသဖြင့် မိုးအပ်သည်ရှိသော် မိုးရေသည် ဖောက်ဝင်နိုင်သကဲ့သို့ စိတ်ကို (သမထ၊ ဝိပဿနာတို့ဖြင့်) ကောင်းစွာ မပွားထုံအပ်သည်ရှိသော် ရာဂသည် ဖောက်ဝင်နိုင်၏။

ယမကဝဂ်(ဓမ္မပဒ-၁၃)


၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက် | ၂၀၂၂ ခုနှစ်၊ မေ ၃ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၁)၊ အမှတ် (၂၁၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN တို့ Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေး

## အာဆီယံနိုင်ငံများအတွင်း အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေဆွေးနွေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN တို့ Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် မေ ၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN နှင့် ယနေ့နံနက်ပိုင်းတွင် Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံတွင် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်သတ်ဖြတ်မှုများနှင့် အကြမ်းဖက်လုပ်ရပ်များကြောင့် သံဃာတော်များနှင့် ဆရာ ဆရာမများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ စသည့်ပြည်သူ့ဝန်ထမ်းများ၊ မိခင်နှင့်ကလေးငယ်များအပါအဝင် အပြစ်မဲ့ပြည်သူများသေဆုံးခဲ့ရပြီး အများအပြားဒဏ်ရာရရှိခဲ့မှု၊ အကြမ်းဖက်ဖောက်ခွဲ

*စာမျက်နှာ ၃ ကော်လံ ၁* ❖

**ယနေ့ ဖတ်စရာ**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် တနင်္သာရီကမ်းရိုးတန်းဒေသတို့တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်) ထွက်ခွာ

ပြည်တွင်းသတင်း စာ - ၃

ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် နေကြာသီးနှံ စိုက်ပျိုးရာတွင် သတိပြုဖွယ်ရာများ

ဆောင်းပါး စာ - ၁၀

# ဓမ္မာစရိယစာမေးပွဲ ဒုတိယနေ့ကျင်းပ

**နေပြည်တော် မေ ၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ကြီးမှူး၍ နှစ်စဉ်ကျင်းပပြုလုပ်သော ၂၀၂၂ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို ယနေ့ (ဒုတိယနေ့)တွင် နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၆၃ဌာနတို့တွင် စာဖြေသံဃာတော်နှင့် သီလရှင်များ စာရင်းသွင်း ၁၄၆၁၃ပါး အနက် ၁၁၃၅၉ ပါး ဖြေဆိုကြသဖြင့် ၇၇ ဒသမ ၇၃ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

# တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သာသနာ့အာဇာနည် အရှင်မြတ်များအား ချီးကျူးပူဇော်ပွဲ အခမ်းအနားကျင်းပမည်

**နေပြည်တော် မေ ၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၇၄) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ်များအား အောင်လက်မှတ်၊ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲနှင့် ချီးကျူးပူဇော်ပွဲအခမ်းအနားကို ၁၃၈၄ ခုနှစ် ကဆုန်လပြည့်ကျော် ၈ ရက် (မေ ၂၂ ရက်) တွင် ရန်ကုန်တိုင်းဒေသကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ ကြွရောက်တော်မူကြမည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်များ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်များ၊ ပုစ္ဆက ဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များ အပါအဝင် ပင့်သံဃာ ၃၃ ပါး၊ ယခုနှစ်တွင် အောင်မြင်တော်မူကြသော မူလအဘိဓမ္မကောဝိဒ တစ်ပါး၊ ဒီဃနိကာယကောဝိဒ တစ်ပါး၊ ဝိနယကောဝိဒ ခုနစ်ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ၁၀ ပါး၊ စာအောင်သံဃာအပါး ၂၀ စုစုပေါင်း သံဃာတော် ၅၃ ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ချီးကျူးပူဇော်မည်ဖြစ်ပါသဖြင့် အလှူရှင်များအနေဖြင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို သာသနာရေးဦးစီးဌာန စာမေးပွဲဌာနခွဲ ၀၉-၈၈၀၅၆၀ ၇၉၀၊ ၀၉-၄၄၃၁၉၀၁၉၃၊ ၀၁-၆၆၄၅၇၈တို့သို့ ဆက်သွယ်၍ ကြိုတင်လှူဒါန်းနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှသိရသည်။ **သတင်းစဉ်**

# ကမ်းလင့်ဆွေးနွေး ငြိမ်းချမ်းရေးသို့

➤ ဒို့မြန်ပြည် ငြိမ်းချမ်းရေး
လှမ်းမဝေး နီးဖို့ရည်
ဆွေးနွေးကြမည်၊
လက်ကမ်း၍ ဖိတ်ခေါ်သည်
တိုးတက်စည် ဖွံ့ဖြိုးရေး၊
ညှိနှိုင်းကာ အဖြေရှာဖို့
တွေ့ကြစို့လေး။

➤ မလာချင် ခရီးဝေး
တံ့နှေးကွေး တအီအီ
ဝေးသည်ထက်ဝေးမည်၊
မဝေးဖို့ တောင်းဆုသီ
စုဖွဲ့လီ ညီညွတ်ရေး၊
ခုရာသီ ချိန်ခါသင့်
နှိုင်းချင့်ကာတွေး။

➤ လာချင်ရင် အနီးလေး
ငြိမ်းချမ်းရေး ဖြောင့်တန်းညီ
စည်းလုံးစွာချီ၊
အေးချမ်းသည့် အနာဂတ်ဆီ
ဒို့ဦးတည် ရောက်နိုင်ရေး၊
ပြေလည်အောင် ဖြေကာဖော့
လျှော့လိုက်ခဲ့လေး။

➤ အေးချမ်းမှ တိုးတက်မည်
မိမြန်ပြည် သာယာရေး၊
သမိုင်းဝင် ငြိမ်းချမ်းရေးနှစ်ပေမို့
ကမ်းလင့်စဉ် စားပွဲဝိုင်းဆွေးနွေးပွဲကိုလ
လှမ်းစေချင် သံသယကင်းစွာဖြင့်
တိုင်းရင်းသား ညီအစ်ကိုအပေါင်းတို့ရေ
လှမ်းခဲ့ပါလေး။ ။

ကြေးမုံဖြိုးသန့် (ရွှေရတု)

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ငြိမ်းချမ်းရေးအတွက် ကမ်းလင့်ဖိတ်ခေါ်မှုအား ဂုဏ်ပြုကြိုဆိုလျက်)

# တရုတ်နိုင်ငံက မြန်မာနိုင်ငံသို့ ကိုဗစ် - ၁၉ ကာကွယ်ဆေး ၁၀ သန်း ထပ်မံပံ့ပိုးမည်

**နေပြည်တော် မေ ၂**

အာဆီယံနိုင်ငံများသို့ ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထပ်မံပံ့ပိုးကူညီပေးရန် တရုတ်နိုင်ငံ၏ ကတိကဝတ်များကို အကောင်အထည်ဖော်ရန်၊ မြန်မာနိုင်ငံ၏ ကပ်ရောဂါတိုက်ဖျက်ရေး အောင်မြင်မှုများအတွက် ကူညီပံ့ပိုးရန်၊ မြန်မာပြည်သူများ၏ အသက်၊ ကျန်းမာရေး ဘေးကင်းလုံခြုံစေရေးအတွက် ပိုမိုကောင်းမွန်စွာ ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် တရုတ်နိုင်ငံအစိုးရသည် မြန်မာနိုင်ငံသို့ ထပ်မံ၍ ကိုဗစ်-၁၉ ကာကွယ်ဆေး ၁၀ သန်း အခမဲ့ပံ့ပိုးပေးရန် ဆုံးဖြတ်ခဲ့ကြောင်း တရုတ်သံရုံးက ဧပြီလနောက်ဆုံးပတ်က သတင်းထုတ်ပြန်သည်။

## ကပ်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းကူညီ

ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားချိန်မှစ၍ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံသို့ ကိုဗစ်-၁၉ ကာကွယ်ဆေး အကြိမ်ရေ (Doses) ၁၁ ဒသမ ၁ သန်း အခမဲ့ပံ့ပိုးပေးခဲ့ပြီး မြန်မာနိုင်ငံအား သက်သာသည့် ဈေးနှုန်းဖြင့် တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ကာကွယ်ဆေး အကြိမ်ရေ သန်း ၃၀ ကျော် ဝယ်ယူနိုင်ရန် ကူညီပေးကာ မြန်မာနိုင်ငံ၏ ကပ်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းကို ကူညီခဲ့သည်။

ယခုအကြိမ် ပံ့ပိုးကူညီသည့် ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအသုတ်ကို မေလကုန်ပိုင်းတွင် မြန်မာနိုင်ငံသို့ ပို့ဆောင်ရောက်ရှိနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

## ပူးပေါင်းဆောင်ရွက်မှုများ တက်ကြွစွာ ဆောင်ရွက်

တရုတ်နိုင်ငံသည် "ပြည်သူသည် အဓိက၊ အသက်သည် အဓိက" ဟူသော ကပ်ရောဂါကာကွယ်ရေး အတွေးအခေါ်ကို လက်ကိုင်စွဲပြီး နိုင်ငံတကာ ကပ်ရောဂါတိုက်ဖျက်ရေး အကူအညီနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တက်ကြွစွာ ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်ထားသည်။

ခင်ရတနာ

မြန်မာ့အလင်း

# အကြမ်းဖက်လုပ်ရပ်များအပေါ် ပကတိအတိုင်းမှန်ကန်စွာရှုမြင်

မြန်မာနိုင်ငံ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုကော်မတီက CRPH, NUG,PDF နှင့် ၎င်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းအားလုံးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ ၂၀၂၁ ခုနှစ် မေလ ၈ ရက်နေ့တွင် အကြမ်းဖက်အုပ်စုများအဖြစ် တရားဝင် ထုတ်ပြန်ကြေညာထားခဲ့ပြီး ဖြစ်သည်။

ယင်းကဲ့သို့ ထုတ်ပြန် ကြေညာခဲ့ခြင်းမှာလည်း အကြောင်းမဲ့မဟုတ်ဘဲ CRPH နှင့် NUG အဖွဲ့များတွင် ဦးဆောင်သူများက နိုင်ငံအတွင်း အစိုးရ၏ အုပ်ချုပ်ရေး ယန္တရားများ ပျက်ပြားစေရန်၊ မတည်မငြိမ်ဖြစ်စေရန် အတွက် ဗုံးခွဲခြင်း၊ အစိုးရဌာနဆိုင်ရာများ၊ ကျောင်းများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးရုံးများကို ဖောက်ခွဲဖျက်ဆီး မီးရှို့ခြင်း၊ ၎င်းတို့နှင့် အမြင်မတူသူများ၊ ၎င်းတို့ကို အားပေးထောက်ခံခြင်း မပြုသူများ၊ စစ်ဘက်အရပ်ဘက် အငြိမ်းစားများ၊ ပညာရေး၊ ကျန်းမာရေးဝန်ထမ်းများ၊ ရဟန်းသံဃာများကို သူလျှိုဒလန်များ၊ အစိုးရထောက်တိုင်များဟု စွပ်စွဲသတ်ဖြတ်ခြင်း၊ ခြိမ်းခြောက်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များ ပေါ်ပေါက်လာစေရန် လှုံ့ဆော်မှု၊ နောက်ကွယ်မှ ထောက်ပံ့ခိုင်းစေမှုတို့ဖြင့် PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဒေသအသီးသီးတွင် အထက်ဖော်ပြပါ အကြမ်းဖက်မှုများကို ပြုလုပ်ခဲ့ကြခြင်းကြောင့် ဖြစ်သည်။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အမည်ခံ အကြမ်းဖက်အဖွဲ့က ပြည်ပနိုင်ငံအချို့တွင် ခိုလှုံနေထိုင်ပြီး မြန်မာနိုင်ငံအတွင်း၌ ရှိနေသော ပြည်သူ့ကာကွယ်ရေးအဖွဲ့ (PDF) အမည်ခံ လက်နက်ကိုင် အကြမ်းဖက်အဖွဲ့များကို ငွေကြေးနှင့် လက်နက်ခဲယမ်း မီးကျောက် ထောက်ပံ့ပေးကာ အကြမ်းဖက် လုပ်ငန်းများ ပြုလုပ်ရန် စီမံခိုင်းစေခြင်း၊ ဖိအားပေးခြင်းတို့ ပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံက ဥပဒေအရ အကြမ်းဖက်အုပ်စုများအဖြစ် တရားဝင်ထုတ်ပြန် ကြေညာထားပြီးဖြစ်သည့် CRPH နှင့် NUG တို့အား ပြည်ပနိုင်ငံအချို့က ၎င်းတို့၏ ပထဝီနိုင်ငံရေး အကျိုးစီးပွားအတွက် နောက်ကွယ်မှ ထောက်ပံ့အားပေးကာ မြန်မာ့နိုင်ငံရေးကို ဝင်ရောက်စွက်ဖက်နေကြရာ ယင်းနှင့်ဆက်စပ်လျက် မြန်မာနိုင်ငံပါဝင်သော ဒေသတွင်း အဖွဲ့အစည်းဖြစ်သည့် အာဆီယံသို့ပါ ရိုက်ခတ်လာခဲ့ခြင်း ဖြစ်သည်။ မလေးရှား နိုင်ငံခြားရေးဝန်ကြီးက အရှေ့တောင်အာရှ ၁၀ နိုင်ငံဖြင့် ဖွဲ့စည်းထားသည့် အာဆီယံအဖွဲ့ကြီးကို မြန်မာနိုင်ငံက အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာထားသည့် အမျိုးသားညီညွတ်ရေးအစိုးရ(NUG)အမည်ခံ အဖွဲ့နှင့် အလွတ်သဘော ထိတွေ့ဆက်ဆံရန် အဆိုပြုသွားမည်ဆိုသည့် ပြောကြားချက်က မြန်မာနိုင်ငံရေးကို ဝင်ရောက်စွက်ဖက်နေသည့် အနောက်အုပ်စု၏ အလိုကျ လိုက်ပါ ဆောင်ရွက်ခြင်းဖြစ်သည့်အပြင် မြန်မာနိုင်ငံအတွင်းမှ အကြမ်းဖက်မှုများကို အားပေးလိုက်ခြင်းလည်းဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံတွင် အစိုးရက ဆောင်ရွက်နေသည့် အကြမ်းဖက်မှု တိုက်ဖျက်ရေး လုပ်ငန်းများကို အဟန့်အတားဖြစ်စေသည်။ အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်များကိုလည်း ချိုးဖောက်ရာရောက်စေသည်။

မလေးရှားနိုင်ငံခြားရေးဝန်ကြီးအနေဖြင့် NUG,PDF အကြမ်းဖက်အုပ်စုများ၏ မြန်မာနိုင်ငံအတွင်း ကျူးလွန်နေသည့် အကြမ်းဖက်လုပ်ရပ်များအပေါ် ပကတိအတိုင်း မှန်မှန်ကန်ကန် ရှုမြင်နိုင်ရန် လိုအပ်ကြောင်းနှင့် အကြမ်းဖက်ခြိမ်းခြောက်မှုများကို ဖြေရှင်းဆောင်ရွက်နိုင်သည့် အသိုက်အဝန်းအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အာဆီယံ၏ တန်ဖိုးတို့ကို အလေးအနက်ဂရုပြုရန်လည်း လိုအပ်သည်ဟု ရှုမြင်ပါကြောင်း။ ။

❖ *ရှေ့ဖုံးမှ*

ဖျက်ဆီးခြင်းများကြောင့် အစိုးရပိုင်အဆောက်အဦများ၊ ပုဂ္ဂလိကနှင့် ပြည်သူပိုင်အဆောက်အဦများစွာ ပျက်စီးဆုံးရှုံးခဲ့ရမှု၊ အကြမ်းဖက်လုပ်ရပ်များအပေါ် မိမိကိုယ်ကို ခုခံပိုင်ခွင့်အရ ကာကွယ်တုံ့ပြန်ရေး ဆောင်ရွက်ရာတွင် တတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် အပစ်အခတ်ရပ်စဲရေး ကြေညာချက်အပေါ် လေးစားလိုက်နာဆောင်ရွက်လျက်ရှိမှု၊ တည်ဆဲဥပဒေ ချိုးဖောက်ထားသူများကို ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိသော်လည်း လူသားချင်းစာနာထောက်ထားမှုအရ လွတ်ငြိမ်းချမ်းသာခွင့်များပေးလျက်ရှိမှု၊ ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် အပစ်အခတ်ရပ်စဲရေးကြေညာထားပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ငြိမ်းချမ်းရေးစားပွဲဝိုင်းသို့ ဖိတ်ခေါ်၍ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိမှု၊ **ဒေသအချို့တွင်ဖြစ်ပွားနေသည့် အကြမ်းဖက်မှုဖြစ်ရပ်များသည် NCA ကို ချိုးဖောက်လျက်ရှိပြီး ကျင့်ဝတ်များကို လိုက်နာမှုမရှိသည့် EAO များမှ အရင်းခံ၍ ဖြစ်ပေါ်လျက်ရှိသည့် အခြေအနေ၊** ငြိမ်းချမ်းရေး ဆွေးနွေးပွဲသို့ တိုင်းရင်းသားလက်နက်ကိုင်များ ပါဝင်လာရေး အစိုးရမှ တစိုက်မတ်မတ် ကတိကဝတ်ထားရှိဆောင်ရွက်နေမှု၊ ပြည်သူများအားလုံး လိုလားတောင့်တသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို

> ❖ **တည်ဆဲဥပဒေ ချိုးဖောက်ထားသူများကို ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိသော်လည်း လူသားချင်းစာနာထောက်ထားမှုအရ လွတ်ငြိမ်းချမ်းသာခွင့်များပေးလျက်ရှိမှု၊ ထာဝရငြိမ်းချမ်းရေး ရရှိရန်အတွက် အပစ်အခတ်ရပ်စဲရေးကြေညာထားပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ငြိမ်းချမ်းရေးစားပွဲဝိုင်းသို့ဖိတ်ခေါ်၍ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိမှု၊ ဒေသအချို့တွင်ဖြစ်ပွားနေသည့် အကြမ်းဖက်မှုဖြစ်ရပ်များသည် NCA ကို ချိုးဖောက်လျက်ရှိပြီး ကျင့်ဝတ်များကို လိုက်နာမှုမရှိသည့် EAO များမှ အရင်းခံ၍ ဖြစ်ပေါ်လျက်ရှိသည့် အခြေအနေများဆွေးနွေး**

အခြေခံသည့် ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်ရေးကို ဆောင်ရွက်သွားမည့်အခြေအနေ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေ၊ အာဆီယံမှပေးအပ်မည့် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ဖြန့်ဝေဆောင်ရွက်ပေးသွားမည့် အခြေအနေ၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ် မြန်မာနိုင်ငံသို့ ထပ်မံလာရောက်နိုင်ရေး ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေ၊ ရွေးကောက်ပွဲဆိုင်ရာ ပြဿနာများကြောင့် ဖြစ်ပေါ်လာသည့် မြန်မာနိုင်ငံ၌ နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ကြေညာ၍ တပ်မတော်က နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့ရမှုသည် ပြည်တွင်းရေးအခြေအနေဖြစ်သော်လည်း ဆက်စပ်နေသည့် ဒေသတွင်းအခြေအနေများကြောင့် အာဆီယံ၏ ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေ၊ အာဆီယံဘုံသဘောတူညီချက် ၅ ရပ်အား အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေနှင့် တိုးတက်မှုရှိစေရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ အာဆီယံနိုင်ငံများအတွင်း အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေနှင့် မြန်မာနိုင်ငံအနေဖြင့် အကောင်းဆုံးဖြစ်အောင် ဆက်လက်ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည့် အခြေအနေများကို ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် မြေပုံ Software နှင့် GIS အသုံးပြုနည်းအခြေခံသင်တန်း အမှတ်စဉ် (၃)သင်တန်းဖွင့်ပွဲအခမ်းအနားတက်ရောက်





**ရန်ကုန် မေ ၂**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများအနေဖြင့် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ခေတ်နှင့်အညီ တိုးတက် ပြောင်းလဲလျက်ရှိသည့် နည်းပညာဆိုင်ရာပညာရပ်များကို သိရှိနားလည် တတ်မြောက်အသုံးချနိုင်စေရန် ရည်ရွယ်ဖွင့်လှစ်သည့် မြေပုံ Software နှင့် GIS အသုံးပြုနည်း အခြေခံသင်တန်း အမှတ်စဉ် (၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါ အခမ်းအနားသို့ နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ လက်ထောက် အတွင်းဝန်/ ညွှန်ကြားရေးမှူးများ၊ အရာထမ်း၊ အမှုထမ်းများ၊ သင်တန်းနည်းပြများနှင့် တိုင်းဒေသကြီး/ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးများမှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး မြေပုံ Software နှင့် GIS အခြေခံ အသုံးပြုနည်းသင်တန်းတွင် လေ့ကျင့်အသုံးပြုမည့် သင်ထောက်ကူ ပစ္စည်းများကို ကြည့်ရှုစစ်ဆေး၍ သင်တန်းနည်းပြများနှင့် သင်တန်းသားများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန၏ မြေပုံ Software နှင့် GIS အသုံးပြုနည်း အခြေခံသင်တန်း အမှတ်စဉ် (၁) ကို သင်တန်းသား ၂၀ ဖြင့်လည်းကောင်း၊ သင်တန်းအမှတ်စဉ် (၂) ကို သင်တန်းသား သင်တန်းသူ ၂၇ ဦးဖြင့်လည်းကောင်း ယခင်နှစ်များတွင် လေ့ကျင့်သင်ကြားပေးခဲ့ပြီး ယခုသင်တန်းအမှတ်စဉ် (၃) တွင် သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ကြကာ မေ ၂ ရက်မှ ၂၇ ရက်အထိ လေ့ကျင့်သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

# ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် တနင်္သာရီကမ်းရိုးတန်းဒေသတို့တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ထွက်ခွာ



**နေပြည်တော် မေ ၂**

တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)သည် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကမ်းရိုးတန်းဒေသများမှ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၄)ရေတပ်ဆိပ်ခံတံတား (သီလဝါ)မှ ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)တွင် ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုအရာရှိများ၊ သူနာပြုစစ်သည်များနှင့် သူနာပြုရဲမေများ လိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် တနင်္သာရီကမ်းရိုးတန်းဒေသတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး X-Ray ရိုက်ခြင်း၊ Ultrasound ရိုက်ခြင်းနှင့် ခွဲစိတ်ရောဂါများ ရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကျွန်းစုတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။

# ဘိုးဘေးဘီဘင်များ အနှစ်နှစ်အလလ ထူထောင်တည်ဆောက်ခဲ့ရသော နိုင်ငံတော်ကြီး အစွန့်ရှည်တည်တံ့ ခိုင်မြဲနေရန် မိမိတို့နှင့်သက်ဆိုင်သည့် လုံခြုံရေးဆိုင်ရာ အသိသတိများဖြင့် မဆုတ်မနစ် ဆောင်ရွက်သွားရမည်

**နေပြည်တော် မေ ၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မှ တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် တာဝန်ရှိသူတို့လိုက်ပါ၍ ယနေ့တွင် ခမောက်ကြီး၊ ဘုတ်ပြင်းနှင့် ကျွန်းစုတပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား သီးခြားစီတွေ့ဆုံ၍ အမှာစကားပြောကြားသည်။

**အကောင်အထည်ဖော်ဆောင်ရွက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က အမှာစကားပြောကြားရာတွင် တပ်မတော်သားများအနေဖြင့် သတ်မှတ်ထားသော အမိန့်နှင့် စည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်ခြင်းသည် အန္တရာယ်ကင်းဘေးရှင်း၍ လုပ်ငန်းများ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ နေရာနှင့် လုပ်ငန်းတာဝန်အလိုက် ဆောင်ရွက်ရန် လုပ်ငန်းလမ်းညွှန်များ ရှိပြီးဖြစ်သဖြင့် လေ့လာ၍ ပိုမိုကောင်းမွန်အောင် ကြံဆလုပ်ဆောင်ရန်လိုကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးကို အမျိုးသားရေး ရည်မှန်းချက်အဖြစ် ဦးတည်ဆောင်ရွက်ရာတွင် တပ်မတော်အနေဖြင့် အစိတ်အပိုင်းတစ်ရပ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ ရည်မှန်းချက် တာဝန်များကို သိရှိနားလည်သဘောပေါက်၍ မိမိတို့ထမ်းဆောင်ရသည့် ကျရာတာဝန်များအလိုက် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန် လိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ခမောက်ကြီးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**များစွာအထောက်အကူပြုခဲ့**

တပ်မတော်သားများအနေဖြင့် စွန့်လွှတ်စွန့်စား အနစ်နာခံမှုဖြင့် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းကို သစ္စာရှိ ဝန်ထမ်းများ၊ ပြည်သူများနှင့်တွဲဖက်ကာ အဓိကကျသော အခန်းကဏ္ဍမှ အခက်အခဲများစွာကို ရင်ဆိုင်ကျော်ဖြတ်နိုင်ခဲ့ကြောင်း၊ ပရဟိတ၊ လူမှုကူညီရေးအသင်းအဖွဲ့များမှလည်း အားတက်သရော ပူးပေါင်း၍ ရောဂါကူးစက်သူများအတွက် ပြုစုရေးနှင့် စောင့်ရှောက်မှုလုပ်ငန်းများအပါအဝင် အခြားသော လူမှုရေးလုပ်ငန်းများတွင် ရှေ့တန်းကျကျ သက်ဆိုင်ရာဌာနအသီးသီးနှင့် ပူးပေါင်းပါဝင်ခဲ့ကြကြောင်း၊ ကာကွယ်ဆေးထိုးနှံမှုတွင် တစ်နိုင်ငံလုံး ပျံ့နှံ့ဆောင်ရွက်နိုင်ရေးအတွက်လည်း ကာယအား၊ ဉာဏအားဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ ပူးပေါင်းပါဝင်မှုကြောင့် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြစ်သည့် အသက် ၁၈ နှစ်အထက် အားလုံးကို ၂၀၂၂ ခုနှစ် ဧပြီ ၃၀ရက်အပြီး ကာကွယ်ဆေးထိုးနှံပြီးစီးရန် ရည်မှန်းချက်အား ရာနှုန်းပြည့်နီးပါး အကောင်အထည်ဖော်ရန် များစွာအထောက်အကူပြုခဲ့ကြောင်း။

> **“ တပ်မတော်သားများအနေဖြင့် စွန့်လွှတ်စွန့်စား အနစ်နာခံမှုဖြင့် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းကို သစ္စာရှိဝန်ထမ်းများ၊ ပြည်သူများနှင့်တွဲဖက်ကာ အဓိကကျသော အခန်းကဏ္ဍမှ အခက်အခဲများစွာကို ရင်ဆိုင်ကျော်ဖြတ်နိုင်ခဲ့ကြောင်း၊ ပရဟိတ၊ လူမှုကူညီရေးအသင်းအဖွဲ့များမှလည်း အားတက်သရောပူးပေါင်း၍ ရောဂါကူးစက်သူများအတွက် ပြုစုရေးနှင့် စောင့်ရှောက်မှုလုပ်ငန်းများအပါအဝင် အခြားသော လူမှုရေးလုပ်ငန်းများတွင် ရှေ့တန်းကျကျ သက်ဆိုင်ရာဌာနအသီးသီးနှင့် ပူးပေါင်းပါဝင်ခဲ့ ”**

**မိသားစုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းလုပ်ကိုင်**

တပ်မတော်သားများသည် ၂၄ နာရီ တာဝန်ရှိသူများဖြစ်၍ တိုင်းပြည်တွင် ကျရောက်လာသည့် အဖျက်အမှောင့်နှင့် ဘေးအန္တရာယ်အမျိုးမျိုးကို ကာကွယ်နေသကဲ့သို့ တစ်ဖက်မှလည်း စားရေရိက္ခာပေါများရေးအတွက် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို တပ်ရင်း၊ တပ်ဖွဲ့အလိုက်၊ တပ်နယ်အလိုက် ဆောင်ရွက်ကာ တပ်မိသားစုသာမက သက်ဆိုင်ရာနယ်မြေအပေါ် အထောက်အပံ့ဖြစ်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၊ နိုင်ငံသား၊ တပ်မတော်အတွက် အသက်ကိုစွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုသစ္စာကို နေ့စဉ်ရွတ်ဆိုနေသူများဖြစ်ပြီး နိုင်ငံတော်နှင့် တပ်မတော်မှပေးအပ်သည့် နေထိုင်စားသောက်မှုမှအစ ပညာရေး၊ ကျန်းမာရေးအဆုံး အကျိုးကျေးဇူးများအတွက် ကျေးဇူးတရားနှင့် သစ္စာကို ပြန်လည်စောင့်သိကြရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် စားရေး၊ ဝတ်ရေး၊ နေရေး၊ သွားလာရေး၊ ပညာရေး၊ ကျန်းမာရေးအထိ စောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ စစ်သည်မိသားစုများ အဆင်ပြေချောမွေ့စေရေး တာဝန်ရှိသူများက စနစ်တကျဖြင့် စီမံခန့်ခွဲပေးရန်လိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့် တာဝန်ထမ်းဆောင်သူများ ကြောင့်ကြမှုကင်းစွာ

*စာမျက်နှာ ၅ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ခမောက်ကြီးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဘုတ်ပြင်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။

*စာမျက်နှာ ၄ မှ*

တာဝန်ထမ်းဆောင်နိုင်ရေး ၎င်းတို့၏ မိသားစုများ ဘဝလုံခြုံမှုရှိအောင် အမိအဘစိတ်ဓာတ်ဖြင့် စောင့်ရှောက်သွားရန်လိုကြောင်း၊ ရှိပြီးဖြစ်သည့် တပ်တွင်းစည်းလုံးညီညွတ်မှုကို ခိုင်မာအောင် ဆက်လက်တည်ဆောက်သွားရန်လိုကြောင်း၊ ထိုသို့ တည်ဆောက်ရာတွင် အပြန်အလှန်ယုံကြည်မှုနှင့် နားလည်မှုရှိသော အထက်အောက် ဆက်ဆံရေး ရှိရန်လိုအပ်ပြီး မိသားစုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းလုပ်ကိုင် ဆောင်ရွက်ကြရန်လိုကြောင်း။

**ပေါင်းစပ်ညှိနှိုင်းဖြေရှင်း**

တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်၍ နိုင်ငံ၏ အကျိုးစီးပွားနှင့် ပတ်သက်လာပါက ပေးအပ်သောတာဝန်ကို လေ့ကျင့်သင်ကြားပေးထားသည့် စစ်ပညာများကို အသုံးချကာ ရဲရဲဝံ့ဝံ့ အောင်မြင်အောင် ဆောင်ရွက်သွားရန် လိုကြောင်း၊ ဘိုးဘေးဘီဘင်များ အနှစ်နှစ်အလလ ထူထောင်တည်ဆောက်ခဲ့ရသော နိုင်ငံတော်ကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲနေရန် မိမိတို့နှင့် သက်ဆိုင်သည့် လုံခြုံရေးဆိုင်ရာ အသိသတိများဖြင့် မဆုတ်မနစ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သို့မှသာ တိုင်းပြည်ကအားထားရသော၊ ပြည်သူကအားကိုးရသော၊ တပ်မတော်က ဂုဏ်ယူအားထားရသော စစ်သည်တော်ကောင်းများ ဖြစ်လာမည်ဖြစ်ကြောင်း၊ ထိုသို့ ပေးအပ်သောတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်နှင့် မိမိ၏မိသားစုကို စောင့်ရှောက်နိုင်ရန်အတွက် ကျန်းမာကြံ့ခိုင်မှုသည် အရေးကြီးဆုံး လိုအပ်ချက်ဖြစ်ကြောင်း၊ မိမိကိုယ်တိုင် ကျန်းမာရန် လိုအပ်သကဲ့သို့ မိသားစုဝင်အားလုံးကျန်းမာနေမှသာ ပျော်ရွှင်သော မိသားစုဘဝကို ပိုင်ဆိုင်နိုင်မည်ဖြစ်ပြီး လုပ်ငန်းတာဝန်အပေါ် စိတ်လက်ချမ်းသာစွာ လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ချမှတ်ထားသည့် ကြံ့ခိုင်ရေးလမ်းညွှန်ချက်များ၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးမှုများကို ကိုယ်စီလိုက်နာစောင့်ထိန်း၍ ကျန်းမာသောဘဝနေထိုင်စားသောက်မှုပုံစံဖြစ်အောင် ကျင့်ကြံသွားရန်လိုကြောင်းဖြင့် မှာကြားပြီး တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ တစ်ဦးချင်းတင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဘုတ်ပြင်းမြို့ရှိ တပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသူများအား စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) သည် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်ရာ တာဝန်ရှိသူတို့က လက်ခံရယူကြသည်။

**ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အဖွဲ့ဝင်များနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ဘုတ်ပြင်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ပြည်သူများအား သွားရောက်ကြည့်ရှု အားပေးစကားပြောကြားသည်။

**မေးမြန်းအားပေးစကားပြောကြား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များအား ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ဆေးရုံတွင် တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား လိုက်လံကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါအခြေအနေများအား မေးမြန်းအားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့ပြင် ယနေ့နံနက်ပိုင်းတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ကော့သောင်းမြို့ရှိ နယ်မြေခံတပ်သို့သွားရောက်၍ ဥစားကြက်၊ အသားတိုးကြက်၊ DYL ဝက်နှင့် နို့စားနွားမွေးမြူထားရှိမှု၊ ရာသီသီးနှံများ စိုက်ပျိုးမွေးမြူထားရှိမှုများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

○ *ကျောဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တောင်ဒဂုံ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းသို့ရောက်ရှိကြပြီး ခင်းကျင်းပြသထားသည့် ဆီအုန်းများ ကြိတ်ခွဲထားရှိမှု အဆင့်ဆင့်အား ကြည့်ရှုကြသည်။

**ဆီဖူလုံမှုရှိနိုင်မည်**

ထို့နောက် ရိပ်သာဧည့်ခန်းမဆောင်၌ စက်ရုံစီမံကိန်းဒါရိုက်တာ ဦးမောင်မောင်လတ်က စက်ရုံစီမံကိန်း လျာထားချက်နှင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဆီအုန်းစိုက်ပျိုးထုတ်လုပ်နေမှုစသည်တို့အား ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က သိရှိလိုသည်များ မေးမြန်းပြီး ဆီအုန်းစိုက်ပျိုးရာတွင် မျိုးရွေးချယ်မှု၌ မျိုးကွဲများစွာ အသုံးပြုခြင်းထက် အရည်အသွေးမြင့်မားသော မျိုးသန့်ကိုသာ ရွေးချယ်ဆောင်ရွက်သင့်သည့် အခြေအနေများ၊ မျိုးရွေးချယ်မှုတွင် ဒေသ ရေ၊ မြေနှင့် ကိုက်ညီမှုတို့ကို ဦးစားပေးရွေးချယ်သင့်သည့် အခြေအနေများ၊ စိုက်ပျိုးမှုမြင့်မားလာသည်နှင့်အမျှ SME အဆင့် တစ်နိုင်တစ်ပိုင် ဆီအုန်းစက်ရုံငယ်များ ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းနှင့် ဒေသ ဖွံ့ဖြိုးမှုတိုးတက်လာမည့် အခြေအနေများ၊ နိုင်ငံတော်ဝန်ကြီးချုပ် လမ်းညွှန်ခဲ့သည့် တနင်္သာရီတိုင်းဒေသကြီးကို ဆီအုန်းစိုက်ပျိုး၍ နိုင်ငံတော်၏ ဆီအိုးကြီးဖြစ်အောင် ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ဒေသတွင်း ဆီချောထုတ်လုပ်နိုင်ခြင်းဖြင့် တိုင်းဒေသကြီးအတွင်း ဆီဖူလုံမှုရှိနိုင်မည်ဖြစ်၍ လိုအပ်သော အခြေခံအဆောက်အဦများ ဆောင်ရွက်နိုင်မည့်အခြေအနေများအား ဆွေးနွေးပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း ခမောက်ကြီးမြို့ရှိ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများအားတွေ့ဆုံစဉ်။

**ရှင်းလင်းပြသ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တောင်ဒဂုံ ဆီအုန်းဆီကြိမ်းစက်ရုံအတွင်း ဆီသီးအလေးချိန် ချိန်တွယ်ခြင်း၊ ဆီသီးအရည်အသွေး စစ်ဆေးခြင်း၊ ဆီသီးပေါင်းခံခြင်း၊ ဆီသီးကြိတ်ခွဲခြင်း၊ ဆီကြမ်း(C.P.O) ထုတ်လုပ်ခြင်း စသည့်ဆီကြမ်းထုတ်လုပ်ပုံ အဆင့်ဆင့်တို့အား လိုက်လံကြည့်ရှုရာ စက်ရုံစီမံကိန်းဒါရိုက်တာ က လိုက်လံရှင်းလင်းပြသသည်။

အဆိုပါ တောင်ဒဂုံဆီအုန်းစိုက်ပျိုးရေး စီမံကိန်းသည် ၁၉၉၅ ခုနှစ် မေလ ၁၅ ရက်နေ့မှစ၍ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် ပြည်ပမှ စားသုံးဆီတင်သွင်းမှုလျှော့ချနိုင်ရေး၊ ဒေသတွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် မထိခိုက်စေဘဲ ရေရှည်တည်တံ့ခိုင်မြဲသော စိုက်ပျိုးရေးစနစ်ထူထောင်ရေးစသည့် ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများအား တွေ့ဆုံ**

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ခမောက်ကြီးမြို့ရှိ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများအား တပ်နယ်ရိပ်သာ ဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အလားတူ ယနေ့နံနက်ပိုင်းက ခရီးစဉ်တွင် အဖွဲ့ဝင် အဖြစ်လိုက်ပါလာကြသည့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုသည် ဘုတ်ပြင်းနှင့် ကျွန်းစုမြို့နယ်တို့ရှိ ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်ပြီး ဆွေးနွေးညှိနှိုင်းဖြည့်ဆည်းမှုများ ဆောင်ရွက်ခဲ့ပြီး ဒုတိယဝန်ကြီးများအနေဖြင့်လည်း ၎င်းတို့ဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာ ဌာနအသီးသီးသို့ သွားရောက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

◆ **တောင်ဒဂုံဆီအုန်းစိုက်ပျိုးရေးစီမံကိန်းသည် ၁၉၉၅ ခုနှစ် မေလ ၁၅ ရက်နေ့မှစ၍ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် ပြည်ပမှ စားသုံးဆီတင်သွင်းမှုလျှော့ချနိုင်ရေး၊ ဒေသတွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် မထိခိုက်စေဘဲ ရေရှည်တည်တံ့ခိုင်မြဲသော စိုက်ပျိုးရေးစနစ်ထူထောင်ရေးစသည့် ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ**

❊ *ကျောဖုံးမှ*

အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (CRPH)၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့ (PDF) နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများသည် အကြမ်းဖက်အုပ်စုများအဖြစ် ၂၀၂၁ ခုနှစ်၊ မေလ ၈ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၁ ဖြင့် တရားဝင် ထုတ်ပြန်ကြေညာခဲ့ကြောင်းကို နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ထပ်မံအသိပေးအပ်သည်။

မလေးရှားနိုင်ငံခြားရေးဝန်ကြီး၏ မဆင်မခြင်နှင့် တာဝန်မဲ့ အဆိုပြုပြောကြားချက်သည် မြန်မာနိုင်ငံအတွင်း အကြမ်းဖက်မှုများကို အားပေးရာရောက်နိုင်သည့်အပြင် အကြမ်းဖက်မှုများ တိုက်ဖျက်ရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို အဟန့်အတားဖြစ်စေပြီး နိုင်ငံတကာအကြမ်းဖက်မှုတိုက်ဖျက်ရေး သဘောတူညီချက်များကို ချိုးဖောက်ရာရောက်စေသည့်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ပြင်းထန်စွာ ကန့်ကွက်ပယ်ချကြောင်း ဖော်ပြအပ်သည်။ ထို့ပြင် နောင်တွင် မလေးရှားနိုင်ငံအစိုးရတာဝန်ရှိသူများနှင့် လွှတ်တော်အမတ်များအနေဖြင့် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ၎င်းတို့၏ ကိုယ်စားလှယ်များအား ထိတွေ့ဆက်ဆံခြင်းနှင့် အားပေးပံ့ပိုးခြင်းများ မပြုလုပ်ရန်လည်း သတိပေးဖော်ပြအပ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ မေလ ၂ ရက်**

## တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်း ဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မေ ၂**

တပ်မတော် (ကြည်း၊ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင်သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်းနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် မလေးရှားဝိုင်ကျေးရွာရှိ ရွှေမြယာကျောင်းတိုက်၊ သန်လျင်မြို့နယ် အလွမ်းဆွတ်ကျေးရွာရှိ မြို့ဦးစက်ပစ်ကွင်းကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မဟာရန်ကင်းတောင်ကျောင်းတိုက်၊ ဟိုင်းကြီးကျွန်းမြို့ မင်္ဂလာအောင်မြေသုခ ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် မြို့မစကားလှဘုန်းတော်ကြီးကျောင်းနှင့် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် မဟာသုန္ဒရာ ရာမကျောင်းတိုက်တို့မှ ဆရာတော်၊ သံဃာတော်များ၊ စာဖြေဌာနကြီးကြပ် ဆရာတော်ကြီးများနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အနာဂတ်လယ်ယာကဏ္ဍအတွက် အားထားရမည့် မျိုးဆက်သစ်လူငယ်များ မွေးထုတ်ပေးနိုင်ရေး ကြိုးပမ်းကြစေလို

**နေပြည်တော်　မေ ၂**

အသက်မွေးဝမ်းကျောင်းပညာရပ် လေ့လာလိုသူ လူငယ်များအတွက် စိုက်ပျိုးရေးသိပ္ပံကျောင်းများတွင် မွေးမြူရေး ဒီပလိုမာသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ အဆင့်မြင့်ပညာရပ် ဆက်လက်သင်ယူလိုသူများအတွက် ဘွဲ့ကြို ဘွဲ့လွန်နှင့် ပါရဂူသင်တန်းများအထိ ပေါင်းကူးတက်ရောက်နိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်ပေးပြီးဖြစ်ရာ ဆရာ ဆရာမများအနေဖြင့် အနာဂတ် လယ်ယာကဏ္ဍအတွက် အားထားရမည့် မျိုးဆက်သစ်လူငယ်များအဖြစ် လေ့ကျင့်သင်ကြား မွေးထုတ်ပေးနိုင်ရေး ကြိုးပမ်းကြစေလိုကြောင်း မေ ၁ ရက် နံနက်ပိုင်းက မြစ်ကြီးနား စိုက်ပျိုးရေးသိပ္ပံကျောင်း အစည်းအဝေးခန်းမ၌ စိုက်ပျိုးရေးသိပ္ပံ ဆရာ ဆရာမများနှင့်တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ပြောကြားသည်။



တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးနှင့်အတူ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြစ်ကြီးနား စိုက်ပျိုးရေးသိပ္ပံကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ တက်ရောက်ကြပြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် ကျောင်းအုပ်ကြီးတို့က စာသင်နှစ်အလိုက် ဖွင့်လှစ်ပို့ချပေးမည့် သင်တန်းများနှင့် ဘာသာရပ်အလိုက် စာတွေ့ လက်တွေ့သင်ကြားပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက သင်ကြားရေးစနစ်တွင် ဘာသာရပ်အလိုက် အားသာချက် အားနည်းချက်များကို စနစ်တကျ လေ့လာသုံးသပ်ပြီး လိုအပ်သည့် ပြုပြင်မှု၊ အဆင့်မြှင့်တင်မှုများ ဆောင်ရွက်ရန် လိုအပ်ချက်များ၊ လက်ရှိဖွင့်လှစ်မည့် စိုက်ပျိုးရေးဒီပလိုမာသင်တန်းနှင့် တိုးချဲ့ဖွင့်လှစ်မည့် မွေးမြူရေးဒီပလိုမာသင်တန်း အပြင် ကောလိပ်အဆင့် တိုးမြှင့်သင်ကြားနိုင်ရေးအထိ မျှော်မှန်းပြီး ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မွေးမြူရေး ဒီပလိုမာသင်တန်းအတွက် စာသင်ဆောင်၊ လက်တွေ့ဆောင်၊ ဓာတ်ခွဲခန်းနှင့် မွေးမြူရေးခြံ တည်ဆောက်မည့် မြေနေရာများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နန်းကွေ့ စိုက်ပျိုးရေးခြံ၏ ဝဥစိုက်ပျိုးပွဲသို့ တက်ရောက်အားပေးကြပြီး စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများနှင့်အတူ ဝဥ စိုက်ပျိုးပေးခဲ့ကြသည်။ (ဓာတ်ပုံ)

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ငှက်ပျောနှင့် ပြောင်းချဉ်ဖတ်စိုက်ပျိုးထုတ်လုပ်သည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ ဒေသခံတောင်သူများအတွက် ဈေးကွက်ဝေစုရရှိရေး နိုင်ငံတော်အပိုင်းက ဆောင်ရွက်ထားရှိမှုများ၊ တရုတ်နိုင်ငံသို့ ငှက်ပျောတင်ပို့ရာတွင် အပင်ပိုးမွှားကင်းရှင်းရေးဆိုင်ရာ လိုအပ်ချက် သဘောတူစာချုပ်အရ လိုက်နာရမည့်အချက်များ၊ စိုက်ပျိုးမြေများကို တည်ဆဲဥပဒေများနှင့်အညီ အသုံးပြုလုပ်ကိုင်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ကချင်ပြည်နယ်၏ လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်ရေးနှင့် တိုးချဲ့ဆောင်ရွက်နိုင်မည့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အခွင့်အလမ်းများကို ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ နိုင်ငံတကာပုံမှန်လေကြောင်းခရီးစဉ် (Commercial Flight) များဖြင့် ဝင်ရောက်လာသူခရီးသည်များကို RDT ဖြင့် ကိုဗစ်-၁၉ ရောဂါပိုး စစ်ဆေးပေးလျက်ရှိ

ရန်ကုန်　မေ ၂

**ကမ္ဘာ့နိုင်ငံအများစုတွင် ကိုဗစ်-၁၉ရောဂါ ဖြစ်ပွား/သေဆုံးမှုများ ကျဆင်းလာသည်နှင့်အတူ နိုင်ငံတကာ ခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးသူများအား ကိုဗစ်-၁၉ ဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကို ဖြေလျှော့ပေးမှုများ ဆောင်ရွက်လျက်ရှိသည်။**



မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများ ဆက်တိုက်ကျဆင်းလာခြင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေးလွှမ်းခြုံမှု မြင့်မားလာခြင်းနှင့်အတူ နိုင်ငံတကာခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက်ရည်ရွယ်၍ မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ဝင်ရောက်မည့် နိုင်ငံခြားသားများ၊ မြန်မာနိုင်ငံသားများအတွက် နိုင်ငံတကာပုံမှန်လေကြောင်းခရီးစဉ် (Commercial Flight) များ ပြန်လည်စတင်၍ ပြေးဆွဲခွင့်ပြုခြင်းနှင့် ကိုဗစ်-၁၉ ဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများအား ဖြေလျှော့မှုများကို ကူးစက်ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းစဉ်များအရ တစ်ဆင့်ချင်း ဖြေလျှော့ပေးလျက်ရှိသည်။ နိုင်ငံတကာ ပုံမှန်လေကြောင်းခရီးစဉ် (Commercial Flight) များအား ဧပြီ ၁၇ ရက် ၀၀:၀၀ နာရီမှ စတင်၍ ပြန်လည်ပြေးဆွဲခွင့်ပြုခဲ့ရာတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် ဝင်ရောက်လာသူ ခရီးသည်များကို ကိုဗစ်-၁၉ ရောဂါပိုးရှိ/မရှိ RT-PCR နည်းဖြင့် ဓာတ်ခွဲစစ်ဆေးခဲ့ပြီး ဟိုတယ်တွင် ၂၄ နာရီ အဖြေစောင့်ဆိုင်းခြင်းစနစ်ဖြင့် ဆောင်ရွက်ခဲ့ရာ အဆိုပါခရီးသည်များတွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိမှု နည်းပါးကြောင်း တွေ့ရှိရသည်။

သို့ဖြစ်၍ နိုင်ငံတကာပုံမှန်လေကြောင်းခရီးစဉ် (Commercial Flight) များဖြင့် ဝင်ရောက်လာသူခရီးသည်များကို ကိုဗစ်-၁၉ ဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများ နောက်တစ်ဆင့်ထပ်မံ၍ ဖြေလျှော့ပေးခြင်းအနေဖြင့် မြန်မာနိုင်ငံသို့ မရောက်ရှိမီ ၇၂ နာရီအတွင်း RT-PCR ဖြင့် စစ်ဆေးထားသော ကိုဗစ်-၁၉ ရောဂါပိုးမရှိကြောင်း ဓာတ်ခွဲစစ်ဆေးချက် အထောက်အထား၊ ကျန်းမာရေးဝန်ကြီးဌာနက အသိအမှတ်ပြုထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားမှု မှတ်တမ်းများ၊ ကိုဗစ်-၁၉ အပါအဝင် ကူးစက်ရောဂါ သံသယလက္ခဏာများ မရှိကြောင်း ကြေညာချက် (Health Declaration) မှတ်တမ်းများပါရှိသူ မြန်မာနိုင်ငံသား ခရီးသည်များနှင့် အဆိုပါ အထောက်အထားများနှင့်တွဲဖက်၍ မြန်မာ့အာမခံလုပ်ငန်းမှ ဝယ်ယူထားသည့် ကျန်းမာရေး အာမခံပါရှိသူ နိုင်ငံခြားသားများအား လွယ်ကူမြန်ဆန်၍ ကုန်ကျစရိတ်သက်သာစေမည့် COVID-19 Antigen Rapid Diagnostic Test (RDT) နည်းဖြင့် ပြောင်းလဲ၍ ဓာတ်ခွဲစစ်ဆေး ဆောင်ရွက်မှုများကို ဧပြီ ၁ ရက် ၀၀:၀၀ နာရီမှစတင်၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနနှင့် လေဆိပ်ကျန်းမာရေးဌာနခွဲတို့မှ ကျန်းမာရေး ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် မေ ၁ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ နိုင်ငံတကာ ပုံမှန်လေကြောင်းခရီးစဉ် (Commercial Flight) ရှစ်ခုဖြင့် ဝင်ရောက်လာသည့် ခရီးသည် ၈၅၀ ရှိ၍ ၎င်းတို့ကို RDT ဖြင့် ကိုဗစ်-၁၉ ရောဂါပိုးရှိ၊ မရှိ စစ်ဆေးပေးခဲ့ရာ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူ မရှိကြောင်း သိရသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ နိုင်ငံတကာပုံမှန်လေကြောင်းခရီးစဉ် (Commercial Flight) များဖြင့် ဝင်ရောက်လာသော ခရီးသည်များအနေဖြင့် ကိုဗစ်-၁၉ စစ်ဆေးခြင်း အပါအဝင် လေဆိပ်ရှိ ဌာနဆိုင်ရာ လုပ်ငန်းများအား ကိုဗစ်-၁၉ ဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ လေဆိပ်တွင် ကြာမြင့်ချိန် ၁ နာရီမှ ၂ နာရီအတွင်း ကုန်ကျစရိတ်သက်သာစွာဖြင့် အဆင်ပြေချောမွေ့စွာ အပြီးအစီးဆောင်ရွက်နိုင်ပြီဖြစ်ကာ လေဆိပ်မှ အချိန်တိုအတွင်း မိမိတို့ စီစဉ်ထားရှိသည့် ခရီးစဉ်အတိုင်း ဆက်လက်ထွက်ခွာနိုင်ပြီဖြစ်သည်။

နိုင်ငံတကာပုံမှန်လေကြောင်းခရီးစဉ် (Commercial Flight) များကို ဧပြီ ၁၇ ရက်မှ မေ ၁ ရက်အထိ စတင်ပြေးဆွဲခဲ့ရာ လေကြောင်းခရီးစဉ် ၉၂ ခုဖြင့် ခရီးသည် ၇၅၅၀ ဝင်ရောက်လာခဲ့ပြီးဖြစ်သည်။ ထို့အတူ နိုင်ငံရပ်ခြားတွင် အခက်အခဲတွေ့နေသူ မြန်မာနိုင်ငံသားများအား မိမိနိုင်ငံသို့ ပြန်လည်သယ်ဆောင်ခေါ်ယူလျက်ရှိသည့် ကယ်ဆယ်ရေးလေယာဉ် (Relief flight) များကို ကိုဗစ်-၁၉ ဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ခရီးစဉ် လိုအပ်ချက်များပေါ်မူတည်၍ ဆက်လက်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော်　မေ ၂**

ထူးခြားသည့် နေ့အပူချိန်များမှာ မကွေးမြို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်၊ ဘော်လခဲမြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ် နှင့် ဖားဆောင်းမြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြိတ်မြို့တွင် ၂ ဒသမ ၉၂ လက်မ၊ နေပြည်တော် (ပုဗ္ဗသီရိမြို့နယ်) တွင် ၂ ဒသမ ၅၆ လက်မ၊ ချောင်းဆုံမြို့တွင် ၂ ဒသမ ၂၀ လက်မ၊ ပိုင်ကျုံမြို့တွင် ၁ ဒသမ ၅၀ လက်မ၊ ပေါင်မြို့တွင် ၁ ဒသမ ၂၆ လက်မ၊ ပဲခူးမြို့တွင် ၁ ဒသမ ၂၁ လက်မနှင့် လှိုင်းဘွဲ့မြို့တွင် ၁ ဒသမ ၁၀ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

## ပြည်ထောင်စုဝန်ကြီးတာဝန်မှ အနားယူခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၃၂ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်
(၂၀၂၂ ခုနှစ်၊ မေလ ၂ ရက်)

**ပြည်ထောင်စုဝန်ကြီးတာဝန်မှ အနားယူခွင့်ပြုခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး အား တာဝန်မှအနားယူခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၃၄ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်
(၂၀၂၂ ခုနှစ်၊ မေလ ၂ ရက်)

**ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးသောင်းဟန် အား လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးပြီး စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးတာဝန်ကို ပူးတွဲထမ်းဆောင်စေလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## စစ်ဘက်မူလတာဝန် ပြန်လည်ထမ်းဆောင်စေ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၃၆ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်
(၂၀၂၂ ခုနှစ်၊ မေလ ၂ ရက်)

**စစ်ဘက်မူလတာဝန် ပြန်လည်ထမ်းဆောင်စေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ်တာဝန်ကို ပူးတွဲတာဝန်ပေးအပ်ထားသည့် ဒုတိယဗိုလ်ချုပ်ကြီး သန်းလှိုင် အား စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်ထုတ်ပေးလျက်ရှိ

နေပြည်တော် မေ ၂

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား ရေကြောင်း၊ ဆိပ်ကမ်းနှင့် နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။

ထိုသို့ ထုတ်ပေးရာတွင် မေ ၂ ရက်၌ ရန်ကုန်ဆိပ်ကမ်းများမှ Dissecting Kits ၅၅၀၊ Haemostaric Force ၁၀၆၄၇ ခုနှင့် ဆေးဝါးမျိုးစုံ ၁၄ မျိုး စုစုပေါင်း ၁၂၃၈၄၄၉ ဒသမ ၉၄ Kg ၊ နယ်စပ်(ချင်းရွှေဟော်၊ လွယ်ဂျယ်)တွင် ကုမ္ပဏီငါးခုတို့မှ Compound Vitamin B Tablet ၁၀၀၄၀၊ Dexamethasone Sodium Phoapate Injection ၇၂၀၀၀၀ Kg ၊ Disposable Syring ၈၈၅၆ ခု၊ Scalp Vein Set ၄၆၈၀၊ Pal Dexa injection ၁၄၇၀၄၀၊ Pal Diclo Injection ၁၁၇၀၉၀၊ Pal B6 Injection ၄၀၀၀၊ Ceftraxone Sodium For Injection ၈၀၆၈၀၊ Paracetamol Tablet ၃၅၈၀၊ Vitamin C Tablet ၁၄၃၂၈၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၃၃ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်
(၂၀၂၂ ခုနှစ်၊ မေလ ၂ ရက်)

**ပြည်ထောင်စုဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်းခြင်း**

လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အလို့ငှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအား အောက်ပါပြည်ထောင်စုဝန်ကြီးဌာနများအဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
(၂) စွမ်းအင်ဝန်ကြီးဌာန

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၃၅ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်
(၂၀၂၂ ခုနှစ်၊ မေလ ၂ ရက်)

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းဦး အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်အဖြစ် ပြောင်းရွှေ့ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ဒုတိယဝန်ကြီးခန့်အပ်တာဝန်ပေးခြင်းနှင့် ရဲချုပ်တာဝန် ပူးတွဲတာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၃၇ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်
(၂၀၂၂ ခုနှစ်၊ မေလ ၂ ရက်)

**ဒုတိယဝန်ကြီးခန့်အပ်တာဝန်ပေးခြင်းနှင့် ရဲချုပ်တာဝန် ပူးတွဲတာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဗိုလ်ချုပ်ဇင်မင်းထက် အား ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်ပြီး ရဲချုပ်တာဝန်ကို ပူးတွဲတာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ဒုတိယဝန်ကြီး ပြောင်းရွှေ့တာဝန်ပေးအပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၃၈ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်
(၂၀၂၂ ခုနှစ်၊ မေလ ၂ ရက်)
ဒုတိယဝန်ကြီး ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးထွန်းအုံ အား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၃၉ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်
(၂၀၂၂ ခုနှစ်၊ မေလ ၂ ရက်)
ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါပြည်ထောင်စုဝန်ကြီးဌာနများ၏ ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

| | |
|---|---|
| (၁) ဒေါက်တာ မိုးဇော်ထွန်း | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန |
| (၂) ဦးမင်းသူ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (၃) ဒေါက်တာ အောင်ဇေယျ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| (၄) ဦးသန့်စင် | စွမ်းအင်ဝန်ကြီးဌာန |

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။
ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ ညောင်ဦးမြို့ရှိ အကျဉ်းထောင်၊ ညောင်ဦးမြို့မနှင့် ပုဂံနယ်မြေရဲစခန်းအချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးတင်အောင်တို့ ဦးဆောင်သောအဖွဲ့သည် ယနေ့တွင် ညောင်ဦးမြို့ရှိ အကျဉ်းထောင်၊ ညောင်ဦးမြို့မနှင့် ပုဂံနယ်မြေ ရဲစခန်းအချုပ်ခန်းတို့ကို သွားရောက်၍ ကြည့်ရှုစစ်ဆေးသည်။



အကျဉ်းထောင်နှင့် ရဲစခန်းအချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးစဉ် ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေ လုပ်ထုံးလုပ်နည်း ထုတ်ပြန်ချက်များနှင့်အညီ အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများကို အုပ်စုလိုက်ခွဲ၍ တွေ့ဆုံကာ အကျဉ်းသား/အချုပ်သားတစ်ဦး၏ အနိမ့်ဆုံးရရှိမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု ရှိ မရှိ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာရရှိခြင်း ရှိမရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိခြင်း ရှိ မရှိနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ စသည်တို့ကို မေးမြန်းမှတ်တမ်းတင်ပြီး ယခင်က ကြည့်ရှုစစ်ဆေးခဲ့သည့် အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အကျဉ်းထောင်အား ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများ၏ အိပ်ဆောင်များ၊ ထောင်တွင်းဆေးခန်း၊ တိုက်ခန်းများ၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုဒေါင်၊ ရေသန့်စက်၊ သောက်ရေနှင့်သုံးရေကန်များ၊ မိလ္လာများ သန့်ရှင်းမှု ရှိ မရှိကိုလည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

အကျဉ်းထောင်ရှိ အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများအတွက် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း မြန်မာပြန်စာသားများပါရှိသော မှတ်စုစာအုပ် ၃၀၀ နှင့် ဗဟုသုတရဖွယ်ရာစာအုပ်စာပေ ၂၀၀ တို့ကို ကော်မရှင်မှ လှူဒါန်းခဲ့ရာ အကျဉ်းထောင်တာဝန်ခံက လက်ခံရယူခဲ့သည်။

ကော်မရှင်အဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ပေးပို့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## နတ်တလင်းမြို့နယ်တွင် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) စိုက်ပျိုးထည့်သွင်းခြင်းအတွက် မျိုးစေ့ကြဲပက်ခြင်း သရုပ်ပြပွဲပြုလုပ်

**နတ်တလင်း မေ ၂**

တောင်သူများအား လယ်ယာစိုက်ပျိုးရာတွင် မြေဆီလွှာဖွံ့ဖြိုးမှု ပြန်လည်တိုးတက်ကောင်းမွန်လာစေရန်နှင့် သီးနှံအထွက်နှုန်းတိုးတက်လာစေရန်၊ ဓာတ်မြေဩဇာများ သုံးစွဲခြင်းကိုလျှော့ချပြီး တစ်ကေထုတ်လုပ်မှုကုန်ကျစရိတ် လျှော့ချနိုင်ရန်၊ သစ်စိမ်းမြေဩဇာထည့်သွင်းခြင်းကို တောင်သူများ လေ့လာသိရှိသုံးစွဲတတ်လာစေရန်ရည်ရွယ်၍ နတ်တလင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ရွာသာကုန်းကျေးရွာရှိ တောင်သူများက ပူးပေါင်း၍ ယမန်နေ့က သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) စိုက်ပျိုးထည့်သွင်းခြင်းအတွက် မျိုးစေ့ကြဲပက်ခြင်း သရုပ်ပြပွဲ ပြုလုပ်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ကျော်ဦးနှင့် စိုက်ညှိအဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမြင့်သူနှင့် ဝန်ထမ်းများ၊ ရွာသာကုန်းကျေးရွာမှ တောင်သူ ၃၀ တို့က နတ်တလင်းမြို့နယ် ရွာသာကုန်းကျေးရွာရှိ ကွင်းအမှတ်(၂၅၇) တောင်သူ ဦးအေးမင်းထွန်း၏ လယ်ယာမြေ၌ ဆောင်းသီးနှံရိတ်သိမ်းပြီး မိုးစပါး မစိုက်ပျိုးမီ မြေဆီလွှာထက်သန်လာစေရေးနှင့် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) စိုက်ပျိုးထည့်သွင်းခြင်းအတွက် မျိုးစေ့ကြဲပက်ခြင်း သရုပ်ပြပွဲကို စုစုပေါင်း ၁၀ ဧက ဆောင်ရွက်ခဲ့သည်။

သစ်စိမ်းမြေဩဇာထည့်သွင်းခြင်းဖြင့် မြေဆီလွှာဖွဲ့စည်းပုံ ပိုမိုတိုးတက်ကောင်းမွန်လာခြင်းကို တောင်သူများ လေ့လာသိရှိနိုင်ခြင်း၊ ရေထိန်းစွမ်းအားကောင်းမွန်လာခြင်း၊ မြေဆီလွှာတွင် လေဝင်/ထွက်ကောင်းမွန်စေခြင်း၊ ရောဂါ၊ ပိုးမွှားဒဏ်ကာကွယ်ပေးခြင်း၊ ပေါင်းမြက်ပေါက်ရောက်မှု လျော့နည်းသက်သာလာခြင်း၊ သစ်စိမ်းမြေဩဇာကို ထယ်ထိုးမြေမြှုပ်ကာ စိုက်ပျိုးထည့်သွင်းခြင်းဖြင့် မြေဆီလွှာအတွင်း နိုက်ထရိုဂျင်၊ ဖော့ဖရပ်၊ ပိုတက်ရှ်နှင့် သစ်ဆွေးဓာတ်များ တိုးပွားလာစေခြင်း၊ ဆွေးမြည့်မှုမြန်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေနိုင်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

ဝေယံဖြိုး(ပြန်/ဆက်)

## ပင်လယ်ပြင်၌ မျောပါနေသည့် မြန်မာရေလုပ်သားအား တရုတ်ကုန်တင်သင်္ဘော အောင်မြင်စွာ ကယ်ဆယ်နိုင်ခဲ့

**နေပြည်တော် မေ ၂**

တရုတ်ကုမ္ပဏီ Chinese-funded SITC Logistics Myanmar Co., Ltd ၏ ကုန်တင်သင်္ဘော Pacific Grace သည် ဧပြီ ၂၁ ရက်တွင် မြန်မာနိုင်ငံ ရန်ကုန်ဆိပ်ကမ်းမှ မလေးရှားနိုင်ငံသို့ ခုတ်မောင်းနေစဉ် အတွင်း ပင်လယ်ပြင်၌ မျောပါနေသည့် မြန်မာရေလုပ်သား ကိုစိုးဝင်းဇော်အား အောင်မြင်စွာ ကယ်ဆယ်နိုင်ခဲ့ကြောင်း တရုတ်သံရုံးက ဧပြီ ၂၉ ရက်က သတင်းထုတ်ပြန်သည်။



မြန်မာရေလုပ်သား ကိုစိုးဝင်းဇော်ကို ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

ကိုစိုးဝင်းဇော်သည် မြန်မာနိုင်ငံ တနင်္သာရီတိုင်းမှဖြစ်ပြီး ငါးဖမ်းနေစဉ် ငါးဖမ်းလှေပေါ်မှ ပင်လယ်တွင်းသို့ မတော်တဆ ပြုတ်ကျခဲ့ခြင်း ဖြစ်သည်။

ကိုစိုးဝင်းဇော်ကို တရုတ်ကုန်သင်္ဘောပေါ်တွင် ပြုစုစောင့်ရှောက်ခံခဲ့ရပြီး လက်ရှိတွင် အခြေအနေကောင်းမွန်လျက်ရှိကာ ဧပြီ ၂၈ ရက်တွင် ကုန်သင်္ဘောနှင့်အတူ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

သီရိ

# ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် နေကြာသီးနှံ စိုက်ပျိုးရာတွင် သတိပြုဖွယ်ရာများ

နန်းပပဝင်း (စိုက်ပျိုးရေးသုတေသနဦးစီးဌာန)

မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံစိုက်ဧရိယာသည် စုစုပေါင်းသီးနှံစိုက်ဧရိယာ၏ ၁၆ ဒသမ ၉ ရာခိုင်နှုန်း ရှိပါသည်။ မြန်မာနိုင်ငံတွင် ဆီစားနေကြာကို ၁၉၇၆-၇၇ ခုနှစ်ခန့်ကစ၍ စိုက်ပျိုးခဲ့ကြပါသည်။ မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍမှ စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးကို အရှိန်အဟုန်နှင့် မြင့်တင်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်မှ လမ်းညွှန်ချက်များ ချမှတ်ပြီး စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးကော်မတီကို ဖွဲ့စည်းကာ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန် (၉) ရပ်ကို ချမှတ်ခဲ့ပါသည်။ ၎င်းလုပ်ငန်းတာဝန်များအနက် နေကြာကို လာမည့်နှစ်တွင် ဧက ၁ ဒသမ ၅ သန်း တိုးချဲ့ စိုက်ပျိုးနိုင်ရေး ရည်မှန်းချက်ထား၍ စည်းရုံးဆောင်ရွက်ရန်နှင့် စိုက်ဧက ၄ ဒသမ ၀ သန်းအထိ ရောက်ရှိရေး စီမံဆောင်ရွက်ရမည်ဖြစ်ပါသည်။ နေကြာသီးနှံသည် မြန်မာနိုင်ငံ၏ အဓိကဆီထွက်သီးနှံများတွင် တစ်မျိုး အပါအဝင်ဖြစ်သောကြောင့် နေကြာဆီထုတ်လုပ်နိုင်ရေး အလေးထားဆောင်ရွက်ရန် လိုအပ်လာပါသည်။

မြန်မာနိုင်ငံ၏ ရေ၊ မြေ၊ ရာသီဥတုအခြေအနေအရ နေရာဒေသအများစုတွင် နေကြာသီးနှံ စိုက်ပျိုးဖြစ်ထွန်းနိုင်ကြောင်း တွေ့ရှိရပါသည်။ နေကြာသီးနှံသည် အခြားဆီထွက်သီးနှံများနှင့် နှိုင်းယှဉ်ကြည့်ပါက စိုက်ပျိုးရလွယ်ကူပြီး စိုက်ပျိုးသည့် ကုန်ကျစရိတ် သက်သာသည့်အပြင် တစ်ယူနစ်ဧရိယာမှထွက်ရှိသည့် ဆီထွက်နှုန်းပိုမိုရရှိမှု သေချာသည့် သီးနှံဖြစ်ပါသည်။ စိုက်ပျိုးသူတောင်သူများ အကျိုးအမြတ် ရရှိနိုင်သည့် သီးနှံဖြစ်သလို ပြည်တွင်း စားသုံးဆီဖူလုံရေး၊ စိုက်ပျိုးသူတောင်သူများ ဝင်ငွေတိုးတက်ရရှိရေး၊ အစားအစာဘေးကင်းလုံခြုံရေးတို့ကို ရှေးရှု၍ နေကြာသီးနှံကို လက်ရှိစိုက်ပျိုးနေသည့် ဧရိယာထက် ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ပါသည်။



အောင်မြင်ဖြစ်ထွန်းနေသော နေကြာခင်း။

နေကြာသီးနှံ စိုက်ပျိုးထုတ်လုပ်ရာတွင် စိုက်ဧရိယာတိုးချဲ့ရန်နှင့် တစ်ယူနစ် ဧရိယာမှ အထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။ နေကြာသီးနှံ တစ်ယူနစ် ဧရိယာမှ အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ရာ၌ နေကြာစိုက်ပျိုးသူ တောင်သူများအနေဖြင့် သိရှိလိုက်နာဆောင်ရွက်သင့်သည့် နည်းလမ်းများကို လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

### နေကြာသီးနှံတွင် စိုက်ပျိုးရန် သင့်လျော်သည့် သီးနှံပုံစံများ

နေကြာသီးနှံကို သီးသန့်၊ သီးထပ်နှင့် သီးညှပ် အဖြစ် စိုက်ပျိုးလေ့ရှိကြပါသည်။

**(က) သီးသန့်စိုက်ပျိုးခြင်း**

- နေကြာသီးနှံကို တစ်နှစ်လျှင် တစ်ရာသီသာ စိုက်ပျိုးနိုင်သော ဒေသများတွင် သီးသန့်စိုက်ပျိုးလေ့ရှိကြပါသည်။

**(ခ) သီးထပ်စိုက်ပျိုးခြင်း**

၁။ စပါးပြီး သီးထပ်စိုက်ပျိုးခြင်း- သက်လျင်၊ သက်လတ်စပါးမျိုးများ ရိတ်သိမ်းအပြီး မြေအစိုဓာတ် မခြောက်မီ ထယ်ထိုးထွန်ယက်၍ စိုက်ပျိုးခြင်းနှင့် စပါးရိတ်သိမ်းပြီး တစ်ပြိုင်နက် ကျင်းတူးစိုက်ပျိုးလေ့ရှိကြပါသည်။ (ထယ်ရေးထွန်ရေး ပြုလုပ်ရန်မလိုဘဲ စိုက်ပျိုးခြင်း ဖြစ်ပါသည်။

၂။ ယာသီးနှံ (မိုးမြေပဲ၊ နှမ်းလျင်၊ သက်လျင်ပဲတီစိမ်း၊ ပြောင်းဖူး) တို့ ရိတ်သိမ်းပြီးနောက် သီးထပ်စိုက်ပျိုးကြခြင်း ဖြစ်ပါသည်။

**(ဂ) သီးညှပ်စိုက်ပျိုးခြင်း**

သီးညှပ် စိုက်ပျိုးမည်ဆိုပါက နေကြာကို ဂျုံ၊ ပဲတီစိမ်း၊ ကြံ၊ ပဲစင်းငုံ တို့ တန်းကြားတွင် ညှပ်၍ စိုက်ပျိုးလေ့ရှိပါသည်။

- မိုးဦးသီးနှံများ (ချည်မျှင်ရှည်ဝါ၊ သက်လျင်ပဲတီစိမ်း၊ မိုးဦးနှမ်းလျင်) တို့ စိုက်ပျိုးပြီးနောက် ဂျုံ နှင့် သီးညှပ်စိုက်ပျိုးနိုင်ပါသည်။ ဂျုံ လေးတန်း နေကြာ တစ်တန်းတွင် စိုက်ပျိုးရပါမည်။
- ပဲတီစိမ်းနှင့် သီးညှပ်စိုက်ပျိုးမည်ဆိုပါက ပဲတီစိမ်း လေးတန်း နေကြာ တစ်တန်းတွင် စိုက်ပျိုးရပါမည်။
- ကြံနှင့် သီးညှပ်စိုက်ပျိုးမည်ဆိုပါက ကြံပင် နှစ်တန်းကြားတွင် နေကြာ တစ်တန်း စိုက်ပျိုးရပါမည်။
- ပဲစင်းငုံနှင့် သီးညှပ်စိုက်ပျိုးမည်ဆိုပါက ပဲစင်းငုံ နှစ်တန်းကြားတွင် နေကြာ တစ်တန်း စိုက်ပျိုးရပါမည်။

(သီးညှပ်စိုက်ပျိုးရာတွင် နေကြာကို တစ်ပင်နှင့် တစ်ပင် တစ်ပေအကွာ စိုက်ပျိုးရပါမည်။)

သီးထပ်စိုက်ပျိုးခြင်းသာမက ကုလားပဲကဲ့သို့ သီးနှံများနှင့်လည်း နေကြာကိုရော၍ သီးရောအဖြစ်လည်း စိုက်ပျိုးနိုင်ပါသည်။

### နေကြာသီးနှံ အထွက်တိုးစေရန် ဆောင်ရွက်ရမည့် နည်းလမ်းများ

နေကြာသီးနှံအထွက်တိုးစေရန် ဆောင်ရွက်ရမည့် နည်းလမ်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ အပင်ပေါက်ရာခိုင်နှုန်း ၈၀နှင့် အထက်ရှိသော မျိုးကောင်းမျိုးသန့်၊ စပ်မျိုး(F1) ကို အသုံးပြုရန်၊

၂။ မျိုးစေ့ဆောင်နှင့် မြေဆောင်ရောဂါများ၊ မြေတွင်းအောင်းပိုးများ ကျရောက်မှုမှ ကာကွယ်ရန် မျိုးစေ့ကို မှိုသတ်ဆေး (ဥပမာ- တော့ပ်ဆင်၊ ဟိုမိုင်း) သို့မဟုတ် ပိုးသတ်ဆေး (ဥပမာ- အေမီဒါ ကလိုပစ် ၇၀%၊ ဂေါ်ချို) တစ်မျိုးမျိုးနှင့် လူးနယ် စိုက်ပျိုးရန်၊

၃။ မိုးရာသီတွင် မေလမှ ဇွန်လအတွင်းနှင့် မိုးနှောင်းရာသီတွင် စက်တင်ဘာလမှ အောက်တိုဘာလအတွင်း စိုက်ပျိုးရန်၊

၄။ မြေပြင်ရာတွင် ထယ်ရေးနက်နက်၊ ထွန်ရေး ညက်ညက်ရရှိအောင် ဆောင်ရွက်ရန်၊

၅။ တစ်ဧကတွင် အပင်ရေ ၂၉၀၀၀ ရရှိအောင် တန်းကြား၊ ပင်ကြား (၂ ပေ x ၉ လက်မ) ထား၍ စိုက်ပျိုးရန်၊

၆။ မျိုးစေ့ကို (၁ ဒသမ ၅ လက်မ- ၂ လက်မ) အနက်တွင် တစ်ကျင်းလျှင် နှစ်စေ့နှုန်း စိုက်ပျိုးရန်၊

၇။ မြေပြင်ချိန်တွင် တစ်ဧကလျှင် သဘာဝမြေဩဇာ ငါးတန် (နွားလှည်း ၁၀ စီးခန့်)၊ ယူရီးယား ၁၁၂ ပေါင်၊ တီစူပါ ၅၆ ပေါင်နှင့် ပိုတက်ရှ် ၅၆ ပေါင် ထည့်သွင်းပေးရန်၊

၈။ အပင်ပေါက်စုံပြီး ၁၄ ရက်သားတွင် တစ်ကျင်း တစ်ပင်ချန်၍ သားခွဲရန်၊

၉။ အပင်ငယ်စဉ်တွင် ပေါင်းမြက်ကင်းစင်အောင် ဆောင်ရွက်ရန်၊

၁၀။ အဖူးဝင်ချိန် (၂၅-၃၀) ရက်သားခန့်တွင် တစ်ဧကလျှင် ယူရီးယား ၅၆ ပေါင် ထပ်မံထည့်သွင်း၍ ပေါင်တင်ပေးရန်၊

၁၁။ အဖူးဝင်ချိန် (၃၀-၃၅ ရက်သားခန့်) နှင့် ပန်းပွင့်ချိန် (၅၅-၆၀ ရက်သားခန့်) တွင် လိုအပ်ပါက ရေသွင်းပေးရန်၊

၁၂။ မွေးမြူရေးပျားပုံးများတစ်ဧကလျှင် တစ်ပုံး- နှစ်ပုံးထားရှိရန်၊

၁၃။ ဖြုတ်ပိုး၊ ပျပိုး၊ ယင်ဖြူ၊ ပိုးနဂါး၊ ခူမွှေးရှည်၊ နေကြာပွင့်စားပိုး စသည့်ပိုးများ ကျရောက်ပါက အလန်း၊ ဆိုက်ပါမီသရင်(သန်းဒါး)၊ ဒိုင်မီသိုအိတ် စသည့် ပိုးသတ်ဆေးများနှင့် ကြွက်ဖျက်ဆီးပါက ဟက်ပီး ကြွက်သတ်ဆေးနှင့် ၄ှက် (ကြက်တူရွေး) ကျရောက်ပါက လူဖြင့်ခြောက်လှန့် ကာကွယ်ရန်၊

၁၄။ ပင်ခြေပုပ်ရောဂါ၊ ရွက်ပြောက်ရောဂါ၊ သံချေးတက်ရောဂါ၊ ကြပ်ခိုးပုပ်ရောဂါ၊ ပင်စည်ပုပ်ရောဂါ စသည်တို့ကျရောက်ပါက ဖိုင်းယား၊ အေမီစတား၊ အေဇိုဗင်၊ အေပီဂျီပလပ်စ် စသောမှိုသတ်ဆေး တစ်မျိုးမျိုးဖြင့် ပက်ဖျန်းကာကွယ်ရန်၊

၁၅။ နေကြာပွင့်နောက်ကျောဘက် အဝါရောင်သန်းချိန် (အပင်သက်တမ်း ၈၀-၈၅ ရက်ခန့်) တွင် အချိန်မီရိတ်သိမ်းရန်၊

၁၆။ ရိတ်သိမ်းပြီး အပွင့်များအား နှစ်ရက်- သုံးရက် လှန်း၍ ခြွေလှေ့သန့်စင်ပါ။ ရရှိလာသော အစေ့များအား နှစ်ရက်-သုံးရက် နေလှန်းအခြောက်ခံပြာတီး၍ အစိုဓာတ် ၇-၉ ရာခိုင်နှုန်းတွင် သိုလှောင်သွားရန်၊

အထက်ဖော်ပြပါ အချက်များကို လိုက်နာကျင့်သုံးမည်ဆိုပါက နေကြာသီးနှံ တစ်ဧကမျှော်မှန်းအထွက်နှုန်းကို ရရှိနိုင်မည်ဖြစ်ပါသည်။

*စာမျက်နှာ ၁၁ သို့*

✻ **စိုက်ပျိုးသူတောင်သူများ အကျိုးအမြတ် ရရှိနိုင်သည့် သီးနှံဖြစ်သလို ပြည်တွင်းစားသုံးဆီ ဖူလုံရေး၊ စိုက်ပျိုးသူတောင်သူများ ဝင်ငွေတိုးတက်ရရှိရေး၊ အစားအစာ ဘေးကင်းလုံခြုံရေးတို့ကို ရှေးရှု၍ နေကြာသီးနှံကို လက်ရှိစိုက်ပျိုးနေသည့် ဧရိယာထက် ပိုမိုတိုးချဲ့စိုက်ပျိုးသင့်**




*စာမျက်နှာ ၁၀ မှ*

**နေကြာသီးနှံအထွက်နှုန်း လျော့နည်းရသည့် အကြောင်းရင်းများ**

နေကြာသီးနှံတွင် သဘာဝဝတ်မှုန်ကူးမျိုး (ဆင်းရွှေကြာ-၂) နှင့် စပ်မျိုးနေကြာမျိုးများ (ရေဆင်းစပ်မျိုး-၁၊ ရေဆင်းစပ်မျိုး-၂) တို့ကို တောင်သူအများစု စိုက်ပျိုးကြပါသည်။ သဘာဝဝတ်မှုန်ကူးမျိုး (ဆင်းရွှေကြာ-၂) သည် တစ်ဧကအထွက်နှုန်း ၂၅-၃၀ တင်းနှင့် စပ်မျိုးနေကြာမှာ ၅၀-၅၅ တင်း ထွက်ရှိနိုင်ပါသည်။ သို့သော် လက်ရှိတွင် အချို့သောတောင်သူများမှာ မျှော်မှန်းအထွက်နှုန်း ရရှိသော်လည်း အချို့မှာမရရှိကြောင်း တွေ့ရပါသည်။

မျှော်မှန်းအထွက်နှုန်းမရရှိရသည့် အကြောင်းရင်းများကို လေ့လာရာတွင် မျိုးကောင်းမျိုးသန့် သုံးစွဲမှုတွင် စပ်မျိုးများ စိုက်ပျိုးရာ၌ စပ်မျိုး F1 မျိုးစေ့ကို သုံးစွဲမှုအားနည်းခြင်း၊ စိုက်ချိန်မှန်ကန်မှု မရှိခြင်း၊ စိုက်ပျိုးမြေကို မြေဆီသြဇာထက်သန်မှုရှိအောင် ဆောင်ရွက်မှု အားနည်းခြင်း၊ အစိုဓာတ်မလုံလောက်သောကြောင့် အပင်ပေါက်မစုံ၍ အပင်ရေ လျော့နည်းခြင်း၊ အဓိကရေလိုအပ်ချိန်ဖြစ်သော အဖူးဝင်ချိန်နှင့် ပန်းပွင့်ချိန်တွင် ဖြည့်စွက်ရေ မပေးသွင်းနိုင်ခြင်း၊ ဖြည့်စွက်ဝတ်မှုန်ကူးရန် ပျားပုံးများ ထားရှိရန် လိုအပ်ခြင်း၊ ကြွက်၊ ငှက်ဖျက်ဆီးမှုအန္တရာယ်ကို မကာကွယ်နိုင်ခြင်း၊ ပိုးမွှား၊ ရောဂါ စနစ်တကျကာကွယ်မှုအားနည်းခြင်း စသည်တို့ကို တွေ့ရှိရပါသည်။




နေကြာသီးနှံကြီးထွားမှုအဆင့်ဆင့်ပုံ

**နေကြာသီးနှံအထွက်နှုန်း တိုးတက်လာစေရန်အတွက် ပြုပြင်လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများ**

**၁။ မျိုးကောင်းမျိုးသန့် စပ်မျိုး F1 ကို ရယူသုံးစွဲ စိုက်ပျိုးခြင်း**

နေကြာသီးနှံစိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့် စပ်မျိုး F1 ကို ရယူသုံးစွဲခြင်းမရှိသည့်အတွက် အထွက်နှုန်း လျော့နည်းရပါသည်။ သို့ဖြစ်ပါ၍ တောင်သူအချင်းချင်းမှ ရရှိသောမျိုးများ၊ ပွဲရုံမှရရှိသော မျိုးများကို အသုံးမပြုရန်နှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မျိုးစေ့ထုတ်ကုမ္ပဏီများနှင့် မျိုးစေ့ထုတ်တောင်သူအသင်းအဖွဲ့များမှ ရောင်းချသော စပ်မျိုးများကိုသာ ရယူစိုက်ပျိုးရန် ဖြစ်ပါသည်။

**၂။ စိုက်ချိန်မှန်ကန်အောင် စိုက်ပျိုးခြင်း**

နေကြာသီးနှံ ဖြစ်ထွန်းမှု အကောင်းဆုံးရရှိစေရန် မိုးရာသီတွင် မေလမှ ဇွန်လနှင့် မိုးနှောင်းရာသီတွင် စက်တင်ဘာလမှ အောက်တိုဘာလအတွင်း စိုက်ပျိုးရမည်ဖြစ်ပါသည်။ သို့သော် မိုးနှောင်းရာသီတွင် တောင်သူအများစုမှာ မိုးစပါး/ မိုးသီးနှံ ရိတ်သိမ်းချိန်ပေါ်မူတည်၍ စိုက်ချိန်နောက်ကျသည့်အတွက် ဒီဇင်ဘာလနောက်ပိုင်းမှ စိုက်ပျိုးနိုင်သဖြင့် ပန်းပွင့်ချိန် သို့မဟုတ် အစေ့အဆန်တည်ချိန် (ဖေဖော်ဝါရီလ – မတ်လ) တွင် မြင့်မားသည့် အပူချိန်နှင့် ကြုံတွေ့ရသည့်အတွက် အထွက်နှုန်း လျော့နည်းရခြင်း ဖြစ်ပါသည်။ ပန်းပွင့်ချိန်နှင့် အစေ့အဆန်တည်ချိန်တွင် မြင့်မားသည့် အပူချိန်ကို ရှောင်ရှားနိုင်ရန် မိုးစပါး/ မိုးသီးနှံကို သက်တမ်းတိုသည့်မျိုးများ ရွေးချယ်စိုက်ပျိုးရန် လိုအပ်ပါသည်။

**၃။ စိုက်ပျိုးမည့်မြေကို မြေဆီသြဇာထက်သန်အောင် ပြုပြင်ခြင်း**

နေကြာသီးနှံ စိုက်ပျိုးရာတွင် စိုက်ပျိုးမြေအမျိုးအစားသည် အထွက်နှုန်းအပေါ် လွှမ်းမိုးမှုရှိသောကြောင့် သဲနုန်းမြေစေး၊ နုန်းမြေနှင့် သဲနုန်းမြေတို့တွင် စိုက်ပျိုးရပါမည်။ သို့သော် တောင်သူအများစုမှာ မိမိလက်ရှိပိုင်ဆိုင်သည့်မြေကို မြေဆီသြဇာထက်သန်အောင် ဆောင်ရွက်လေ့မရှိကြပါ။ သို့ဖြစ်ပါ၍ စိုက်ပျိုးသည့်မြေကို သဘာဝမြေသြဇာများ ပိုမိုထည့်သွင်းပေးခြင်းနှင့် သစ်စိမ်းမြေသြဇာများ စိုက်ပျိုးထည့်သွင်းပေးခြင်းတို့ ဆောင်ရွက်ပါက မြေဆီသြဇာ ထက်သန်လာပြီး အထွက်နှုန်းတိုးတက်လာမည်ဖြစ်ပါသည်။

**၄။ တစ်ဧကသတ်မှတ် အပင်အရေအတွက် ပြည့်မီအောင် စိုက်ပျိုးဆောင်ရွက်ခြင်း**

တစ်ဧကတွင် အပင်အရေအတွက် ၂၉၀၀၀ ရရှိအောင် တန်းကြား၊ ပင်ကြား (၂ ပေ x ၉ လက်မ) ထား၍ စိုက်ပျိုးရမည်ဖြစ်သော်လည်း တောင်သူအများစုမှာ သတ်မှတ်အပင် အရေအတွက်ရအောင် စိုက်ပျိုးနိုင်ခြင်း မရှိကြပါ။ ရိတ်သိမ်းချိန်တွင် အပင်အရေအတွက် ၁၈၀၀၀- ၂၀၀၀၀ ခန့်သာရှိသည့်အတွက် အထွက်နှုန်း လျော့နည်းရခြင်းဖြစ်ပါသည်။ အပင်အရေအတွက် (၅၀၀ – ၆၀၀) လျော့နည်းပါက အထွက် တစ်တင်းလျော့နည်းနိုင်သဖြင့် ရိတ်သိမ်းချိန်တွင် သတ်မှတ်အပင်အရေအတွက် ပြည့်မီပါက အထွက်နှုန်း ပိုမိုရရှိလာမည်ဖြစ်ပါသည်။

**၅။ သွင်းအားစုများ သတ်မှတ်နှုန်းထားအတိုင်း ပြည့်မီအောင်ထည့်သွင်းပေးခြင်း**

ထောက်ခံဓာတ်မြေသြဇာနှုန်းထား ယူရီးယား ၁ ဒသမ ၅ အိတ်၊ တီစူပါ ၀ ဒသမ ၅ အိတ်၊ ပိုတက်ရှ် ၀ ဒသမ ၅၀ အိတ်နှင့် ကွန်ပေါင်း နှစ်အိတ်တို့အား ဓာတ်မြေသြဇာ ထည့်သွင်းရမည့် အချိန်များ၌ ပြည့်စုံစွာ ထည့်သွင်းနိုင်မှုမရှိပါ။ တောင်သူအများစုမှာ တစ်ဧကလျှင် ယူရီးယား ၀ ဒသမ ၇၅ အိတ်နှင့် ကွန်ပေါင်း ၀ ဒသမ ၂၅ အိတ်နှုန်းသာ ထည့်သွင်းနိုင်သဖြင့် အထွက်နှုန်းလျော့နည်းရခြင်း ဖြစ်ပါသည်။ သက်ဆိုင်ရာ စိုက်ပျိုးရေးဘဏ်များမှ ချေးငွေရယူခြင်း၊ ကန်ထရိုက် လယ်ယာစနစ်နှင့် ပေါင်းစပ်ဆောင်ရွက်ပေးခြင်းတို့ဖြင့် သွင်းအားစုများ အပြည့်အဝထည့်သွင်းပေးနိုင်မည် ဖြစ်ပါသည်။

**၆။ အချိန်မီသားခွဲခြင်း**

နေကြာစိုက်ပြီး ၁၄ ရက်သား၌ တစ်ကျင်းတစ်ပင်ချန် သားခွဲရမည်ဖြစ်ပါသည်။ သို့သော် တောင်သူအများစုသည် အချိန်မီ သားခွဲရန် အားနည်းကြောင်း တွေ့ရှိရပါသည်။ အချိန်မီသားခွဲနိုင်ပါက အပင်များပုံမှန်ကြီးထွားပြီး အပွင့်အရွယ်အစားကြီးမားကာ အထွက်နှုန်း တိုးတက်လာမည်ဖြစ်ပါသည်။

**၇။ ဖြည့်စွက်ရေ ပေးသွင်းခြင်း**

နေကြာသီးနှံ စိုက်ပျိုးသည့် သက်တမ်းတစ်လျှောက် အစိုဓာတ်လုံလောက်မှု ရှိရမည်ဖြစ်ပါသည်။ အဖူးဝင်ချိန် (၃၀-၃၅ ရက်သားခန့်) နှင့် ပန်းပွင့်ချိန် (၅၅-၆၀ ရက်သားခန့်) တွင် ရေသွင်းပေးရမည်ဖြစ်သော်လည်း တောင်သူအများစုမှာ မိုးရေကို အားကိုးစိုက်ပျိုးရခြင်းနှင့် မိုးနှောင်းရာသီ၌ အစိုဓာတ်ဆုတ်သည့်အချိန်တွင် စိုက်ပျိုးကြသောကြောင့် အပင်ပုခြင်း၊ အပွင့်သေးခြင်း၊ အောင်စေ့နည်းခြင်းတို့ကြောင့် အထွက်နှုန်း လျော့နည်းရခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ရေလိုအပ်သည့် အချိန်တွင် သွင်းပေးနိုင်ရန် ရေရရှိရေးကို ကြိုတင်စီစဉ်ဆောင်ရွက်ထားရပါမည်။

**၈။ မွေးမြူရေးပျားပုံးများ ထားပေးခြင်း**

နေကြာသီးနှံတွင် ဝတ်မှုန်ကူးမှုကောင်းမွန်ပြီး မျိုးအောင်၍ အစေ့အဆန်တည်မှု ကောင်းမွန်စေရန် မွေးမြူရေးပျားပုံးများ ထားရှိရပါမည်။ သို့သော် တောင်သူအများစုမှာ နေကြာသီးနှံတွင် ပျားဖြင့် ဝတ်မှုန်ကူးခြင်းကို သိရှိမှုအားနည်းကြပါသည်။ ဝတ်မှုန်ကူးမှု အောင်မြင်ပြီး အောင်စေ့များစေရန် ပျားမွေးမြူသူများနှင့် ချိတ်ဆက်၍ မွေးမြူရေးပျားပုံးများ ထားရှိရပါမည်။

**၉။ နေကြာစိုက်ခင်းအား ကြွက်နှင့် ငှက်များ ဖျက်ဆီးမှုမှ ကာကွယ်ပေးခြင်း**

နေကြာအစေ့အဆန်တည်ချိန်မှ ရင့်မှည့်ချိန်ကာလအတွင်း ကြွက်၊ ငှက် (ကြက်တူရွေး) ဖျက်ဆီးတတ်ပါသည်။ တောင်သူအများစုမှာ ကြွက်၊ ငှက်ရန်မှ ကာကွယ်မှုကို အလေးထားဆောင်ရွက်ခြင်း မရှိကြပါ။ ကြွက်၊ ငှက် (ကြက်တူရွေး) ဖျက်ဆီးမှုကြောင့် ဆုံးရှုံးမှုအထွက်နှုန်း (၇၀ ရာခိုင်နှုန်းအထိ) လျော့နည်းနိုင်ပါသည်။ သို့ဖြစ်ပါ၍ နေကြာအစေ့အဆန်တည်ချိန်မှ ရင့်မှည့်ချိန် ကာလအတွင်း ကြွက်ထောင်ချောက်များ ထားရှိခြင်း၊ ကြွက်သတ်ဆေးချခြင်း၊ လူဖြင့် နှိမ်နင်းခြင်း ဆောင်ရွက်ရပါမည်။

လူဖြင့် ငှက်များအား ခြောက်လှန့်ခြင်း၊ ငှက်မကြိုက်သည့် အနံ့ ၊ အသံတို့ဖြင့် ခြောက်လှန့်ခြင်း ဆောင်ရွက်ပေးရပါမည်။ ထိုသို့ဆောင်ရွက်ပေးနိုင်ပါက သီးနှံပျက်စီးဆုံးရှုံးမှုမှ ကာကွယ်သွားနိုင်ပါမည်။

**၁၀။ ပိုးမွှားရောဂါကျရောက်မှုမှ ကာကွယ်ပေးခြင်း**

နေကြာသီးနှံတွင် ပိုးမွှားရောဂါ ကျရောက်မှု ပြင်းထန်ပါက အပင်အသေအပျောက်များပြီး အထွက်နှုန်း ကျဆင်းစေပါသည်။ တောင်သူအများစုမှာ ပိုးသတ်ဆေးနှင့် မှိုသတ်ဆေးကို စနစ်တကျ သုံးစွဲမှု အားနည်းကြပါသည်။ သို့ဖြစ်ပါ၍ အပင်ကြီးထွားမှု အဆင့်အလိုက် ပိုးမွှားရောဂါ ကျရောက်မှုကို စစ်ဆေး၍ ကာကွယ်ဆေးများ လိုအပ်သလို အသုံးပြုပေးခြင်းနှင့် ရောဂါကျအပင် အကြွင်းအကျန်များအား ဖယ်ရှားရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ရပါမည်။

အထက်ပါ လိုက်နာဆောင်ရွက်ရမည့် အချက်များကို ပြုပြင်လိုက်နာဆောင်ရွက်နိုင်ပါက နေကြာသီးနှံအထွက်နှုန်း တိုးတက်၍ နေကြာထုတ်လုပ်မှု တိုးတက်လာမည် ဖြစ်ပါသည်။

အချုပ်အားဖြင့် နေကြာသီးနှံကို ရေ၊ မြေ၊ ရာသီဥတု အမျိုးမျိုးကွဲပြားသော ဒေသများတွင် အောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်းနိုင်၍ စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့်လည်း မျှော်မှန်းအထွက်နှုန်းရရှိရေးနှင့် စိုက်ပျိုးထုတ်လုပ်မှုအောင်မြင်ရေးအတွက် အထူးကြိုးပမ်း ဆောင်ရွက်ရပါမည်။ နေကြာသီးနှံကို မိုးဦး၊ မိုးလယ်၊ မိုးနှောင်းရာသီများတွင် အောင်မြင်စွာ စိုက်ပျိုးနိုင်သောကြောင့် စိုက်ဧရိယာတိုးချဲ့ရေးအတွက် အခွင့်ကောင်းများစွာရှိနေပါသည်။ သို့ဖြစ်ပါ၍ အလားအလာရှိသောဒေသများတွင် နေကြာစိုက်ဧကများ တိုးချဲ့စိုက်ပျိုးခြင်း၊ အစေ့ထွက်နှင့် ဆီထွက်နှုန်းကောင်းသော စပ်မျိုးနေကြာမျိုးများဖြင့် မျိုးပြောင်းလဲစိုက်ပျိုးခြင်းဖြင့် တစ်ဧကအထွက်နှုန်းနှင့် ထုတ်လုပ်မှုတိုးတက်လာပြီး ပြည်တွင်းစားသုံးဆီ ဖူလုံပိုလျှံလာမည် ဖြစ်ပါသည်။

**ကျမ်းကိုးစာရင်း**

ထွန်းဆိုင်နှင့် ခင်မာမာနွယ်။ ၂၀၁၁ ခုနှစ်။ နေကြာစိုက်ပျိုးရေး၊ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင် များအဖွဲ့။

http://agriculture.kzntl.gov.za/portal/Agric Publications/LooknDo/ Sunflower Production/ tabid/134/ Default.aspx (7.6.2011)

MOALI. 2020. Myanmar Agriculture in Brief.

Schneiter, A. A and J.F. Berglund. 1981. Distriction of Sunflower Growth Stages. Crop Sci. 21: 901–903.

# မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဂျပန်နိုင်ငံက ပံ့ပိုးကူညီပေးသည့်ကိစ္စရပ်များ ဆွေးနွေး



နေပြည်တော် မေ ၂

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် Japan–Myanmar Association ၏ Chairman, Mr. Watanabe Hideo ကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဂျပန်နိုင်ငံက ပံ့ပိုးကူညီပေးသည့်ကိစ္စ၊ နှစ်နိုင်ငံ စီးပွားရေးနှင့် ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စနှင့် ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ငွေတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# လက်ထောက်စာရင်းစစ်မှူးများ လုပ်ငန်းခွင်ဝင်ကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်-၁/၂၀၂၂ သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် မေ ၂**

လက်ထောက် စာရင်းစစ်မှူးများ လုပ်ငန်းခွင်ဝင် ကျွမ်းကျင်မှု သင်တန်းအမှတ်စဉ် - ၁/၂၀၂၂ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ထုတ်ပြန်ထားသော စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး (နေပြည်တော်) စုပေါင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲ၌ ပြည်ထောင်စုစာရင်းစစ်ချုပ် ပါမောက္ခ ဒေါက်တာကံဇော်က ယခုသင်တန်းကို လုပ်ငန်းခွင်ဝင်ဝန်ထမ်းသစ်များအနေဖြင့် မိမိတို့လုပ်ငန်း၏ သဘောသဘာဝ၊ လုပ်ငန်းတာဝန်များကို သိရှိနားလည်၍ စည်းကမ်းပြည့်ဝပြီး နိုင်ငံတကာအဆင့်မီသည့် ပြည်သူ့ ဝန်ထမ်းကောင်းများ၊ စာရင်းစစ်ကောင်းများ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ အလေးထား ဖွင့်လှစ်ပေးရခြင်းဖြစ်ပါကြောင်း၊ စစ်ဆေးရေးဝန်ထမ်းများသည် နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို တည်ဆောက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သုံးစွဲသည့် ပြည်သူ့ဘဏ္ဍာငွေများကို အမှန်တကယ် အကျိုးဖြစ်ထွန်းစေမှု ရှိမရှိ၊ စီမံခန့်ခွဲရေးဆိုင်ရာ ထိရောက်မှု ရှိ မရှိနှင့် ရရှိမည့်ရငွေများကို ပြည့်ပြည့်ဝဝ ကောက်ခံရရှိမှု ရှိမရှိတို့ကို စိစစ်ကြီးကြပ်စစ်ဆေးရခြင်းဖြစ်ပါကြောင်း၊ ထိုသို့စစ်ဆေးရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် စံသတ်မှတ်ချက်များအပေါ် အခြေခံ၍ ကျင့်ဝတ်များနှင့်အညီ စစ်ဆေးရမည်ဖြစ်သဖြင့် အတတ်ပညာပိုင်းဆိုင်ရာ၊ အသိပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုအရည်အချင်းများ ပြည့်ဝနေစေရန် လိုအပ်ပါကြောင်း၊ သို့ပါ၍ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ဥပဒေ၊ မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေ၊ စာရင်းစစ်နှင့် စာရင်းကိုင်စံများ၊ နိုင်ငံတကာ စာရင်းစစ်စံများအပြင် နိုင်ငံ့ဝန်ထမ်းများ လိုက်နာရမည့်ဥပဒေ၊ နည်းဥပဒေနှင့် ကျင့်ဝတ်များကို သိရှိနားလည်စေရန်နှင့် လုပ်ငန်းခွင် ကျွမ်းကျင်မှု၊ ထိတွေ့သင်ကြားမှုများ၊ လက်တွေ့ကွင်းဆင်းမှုများ ရှိစေရန် ယခုသင်တန်းတွင် ဆွေးနွေးသင်ကြားသွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နေပြည်တော် သင်တန်းကျောင်း ကျောင်းအုပ်က သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ဘာသာရပ်များအနေဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ၊ စစ်ဆေးရေး၊ အခြေခံစာရင်းကိုင်ပညာ၊ ဝန်ထမ်းစည်းမျဉ်း၊ ဘဏ္ဍာရေးစည်းမျဉ်း၊ ဦးစီးဌာနစာရင်းပညာ၊ စတိုပစ္စည်းစာရင်းထားနည်းနှင့် အမှုတွဲထိန်းခြင်း ဘာသာရပ်များအပြင် စာရင်းစစ်ရုံးဝန်ထမ်းများ သိရှိလိုက်နာ ဆောင်ရွက်ရမည့် ကျင့်ဝတ်နှင့် စည်းကမ်းဖြစ်သည့် ဆောင်ရန်၊ ရှောင်ရန်များကို မေ ၂ ရက်မှ ၂၆ ရက်အထိ ရက်သတ္တသုံးပတ်ကျော် ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၂**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနအနေဖြင့် စက်သုံးဆီများ အရည်အသွေးပြည့်မီမှု ရှိ/မရှိ စစ်ဆေးခြင်းနှင့် ဈေးနှုန်းတည်ငြိမ်စွာ ဝယ်ယူသုံးစွဲနိုင်ရေးတို့ကို ကြီးကြပ်ဆောင်ရွက်

**နေပြည်တော် မေ ၂**

စက်သုံးဆီဖူလုံမှု ရှိစေရေးနှင့် ဈေးနှုန်းတည်ငြိမ်မှု ရှိစေရေးအတွက် ဆောင်ရွက်မည့် အစီအမံများကို နေပြည်တော်ကောင်စီနှင့် နေပြည်တော်ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီတို့ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော် ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က နေပြည်တော်ကောင်စီအနေဖြင့် ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနမှ ဆောင်ရွက်မည့်ကိစ္စရပ်များ လုပ်ဆောင်ရာတွင် လိုအပ်သည်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်ပမှ စက်သုံးဆီ တင်သွင်းခြင်း၊ တင်သွင်းလာသည့် စက်သုံးဆီများကို သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းစဉ်များ၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနအနေဖြင့် တင်သွင်းလာသည့် စက်သုံးဆီများ အရည်အသွေးပြည့်မီမှု ရှိ/မရှိ ဓာတ်ခွဲစမ်းသပ် စစ်ဆေးခြင်း၊ ပြည်သူများ ဈေးနှုန်းတည်ငြိမ်စွာဖြင့် ဝယ်ယူသုံးစွဲနိုင်ရေးတို့ကို ကြီးကြပ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အရည်အသွေးနှင့် အရေအတွက် ပြည့်မီမှန်ကန်စွာ ဝယ်ယူရရှိနိုင်ရေးတို့အတွက် စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများအပေါ် ဆောင်ရွက်သွားမည့် အစီအမံများနှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိကို ပိုမိုထိရောက်စွာ ထိန်းကျောင်းနိုင်ရေး စီမံဆောင်ရွက်သွားရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။



ထို့နောက် ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန စစ်ဆေးရေးအရာရှိချုပ် ဦးနိုင်ဝင်းထွန်းက စက်သုံးဆီဖူလုံမှုရှိစေရေးနှင့် ဈေးနှုန်းတည်ငြိမ်မှုရှိစေရေးအတွက် လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများက စက်သုံးဆီဖူလုံမှုရှိစေရေးနှင့် ဈေးနှုန်းတည်ငြိမ်မှုရှိစေရေး၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် လှပခြင်းကျေးရွာနေ စန်းနိုင်(ခ) ရာဇာကြီးသည် ၎င်းအသုံးပြုသည့် “Yarzar Gyi” Face book အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကျန်းမာရေးဝန်ထမ်းအိမ်ရာရပ်ကွက်နေ သူရအောင်သည် ၎င်းအသုံးပြုသည့် “Thuya Aung” Facebook အကောင့်၊ လှိုင်မြို့နယ်၊ အမှတ်(၈) ရပ်ကွက်နေ ဝင့်မာလာမြင့်သည် ၎င်းအသုံးပြုသည့် “Wint Marlar Myint” Facebook အကောင့်၊ စမ်းချောင်းမြို့နယ် ဝေ(မြောက်)ရပ်ကွက်နေ ကျော်ဇင်သွင်(ခ)ရှဲဒိုး(ခ)ကျော်ကြီးသည် ၎င်းအသုံးပြုသည့် “Kyaw Zin Thwin” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် စူလီပန်း ကျေးရွာနေ စိုးမင်းထွေး၊ ပန်းတိုင်တော(အနောက်)ကျေးရွာနေ ရွှေစင်မိုး၊ အောင်သုခကျေးရွာနေ မော်လီရွှန်းတို့သည့် ၎င်းတို့အသုံးပြုသည့် “Soe Min Htwe” Facebook အကောင့်၊ “Shwe Sin Moe” Facebook အကောင့်၊ “Maw Lee Shwann” Facebook အကောင့်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ အမှတ်(၄)ရပ်ကွက်နေ သူဇာအောင်(ခ) မီးမီး (၃၆) နှစ်သည် ၎င်းအသုံးပြုသည့် “Mee Mee” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေးအသိပေးသတင်း ထုတ်ပြန်အပ်သည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်နှင့် ချောင်းဦးမြို့နယ်တို့မှ အပြစ်မဲ့ပြည်သူ အမျိုးသား ၁၆ ဦးနှင့် အမျိုးသမီး ခုနစ်ဦးတို့အား PDF အမည်ခံအကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်ကာ ရက်စက်စွာသတ်ဖြတ်

**နေပြည်တော် မေ ၂**

နိုင်ငံရေးအစွန်းရောက် PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် အချို့မြို့နယ်များရှိ ကျေးရွာများမှ ၎င်းတို့ကို ထောက်ခံအားပေးမှုမရှိသည့် ဒေသခံပြည်သူလူထုတို့အား စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့အပေါ် ထောက်ခံအားပေးရန်၊ ဆက်ကြေးများ ပေးဆောင်လာစေရန် ပြည်သူလူထုအပေါ် အကြောက်တရားဖြင့် လွှမ်းမိုးချုပ်ကိုင်နိုင်ရေး အပြစ်မဲ့ပြည်သူများအား သတင်းပေး၊ ဒလန်များအဖြစ် စွပ်စွဲ၍ သတ်ဖြတ်ခြင်း၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အဆောက်အဦများနှင့် လူနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း စသည့်အကြမ်းဖက်လုပ်ရန်မှုန်သမျှကို ကျူးလွန်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်နှင့် ချောင်းဦးမြို့နယ်တို့မှ အပြစ်မဲ့ပြည်သူ အမျိုးသား ၁၆ ဦးနှင့် အမျိုးသမီး ခုနစ်ဦးတို့အား PDF အမည်ခံအကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်ကာ ရက်စက်စွာ သတ်ဖြတ်ခဲ့သဖြင့် သေဆုံးခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၃၀ ရက် မွန်းလွဲ ၃ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ပဒတ္တိုင်းကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားအင်အား ၈၀ ခန့်သည် မော်တော်ယာဉ်များ စီးနင်းကာ သေနတ်များ ပစ်ဖောက်ဝင်ရောက်လာပြီး ကျေးရွာအတွင်း နေထိုင်ကြသူများဖြစ်သည့် ဦးထွန်းနိုင် (၄၇)နှစ် (ဘ)ဦးတင်ထွန်း၊ ဦးပြေအေး (၄၄)နှစ် (ဘ)ဦးတင်ထွန်း၊ ဦးဇော်မြင့် (၅၂)နှစ် (ဘ) ဦးလှဝင်း၊ ဦးစန်းထူး (၃၆)နှစ် (ဘ)ဦးထိန်ဝင်း၊ ဦးဆန်းဦး (၃၃)နှစ် (ဘ)ဦးထိန်ဝင်း၊ ဦးမျိုးဆန်း (၂၈)နှစ် (ဘ)ဦးဇော်မြင့်၊ ဦးတင်ဝမ်း (၃၅)နှစ် (ဘ) ဦးတင်ထွန်း၊ ဦးချစ်သကြ်န်ဟိန်း (၃၃)နှစ် (ဘ) ဦးထိန်ဝင်း၊ ဒေါ်တင်မဌေး (၄၀)နှစ် (ဘ) ဦးတင်ထွန်းနှင့် ဒေါ်တင်မေရီ (၅၁)နှစ် (ဘ) ဦးတင်ထွန်း၊ ဒေါ်ကြည်ဌေး (၆၂)နှစ် (ဘ) ဦးတင်ထွန်း၊ ဒေါ်သဥ္ဇာဝင်း (၃၅)နှစ် (ဘ) ဦးထိန်ဝင်း၊ ဒေါ်တင်မေအေး (၄၃)နှစ် (ဘ) ဦးတင်ထွန်း၊ မအေးမီကျော် (၂၃)နှစ် (ဘ) ဦးထွန်းနိုင်နှင့် မအေးမီသင်း (၁၉)နှစ် (ဘ) ဦးထွန်းနိုင်တို့ ၁၅ ဦးအား ကျေးရွာအပြင်ဘက်ရှိ သုသာန်သို့ မော်တော်ယာဉ်များဖြင့် တင်ဆောင်ကာ ဖမ်းဆီးခေါ်ဆောင်သွားပြီး သုသာန်အတွင်း၌ ၎င်းတို့အား ကြိုးများဖြင့်ချည်နှောင်ပြီး ညှဉ်းပန်းနှိပ်စက်ကာ “သတင်းပေး၊ ဒလန်များ”ဟု စွပ်စွဲပြောဆို၍ ဖမ်းဆီးခေါ်ဆောင်သွားသူ ၁၅ ဦးအနက် ဦးထွန်းနိုင်ပါ အမျိုးသား ၈ ဦးနှင့် အမျိုးသမီး နှစ်ဦးတို့အား သေနတ်များဖြင့် ပစ်ခတ်သတ်ဖြတ်ကာ အလောင်းများအား မီးရှို့ခဲ့ပြီး ဒေါ်ကြည်ဌေး၊ ဒေါ်သဥ္ဇာဝင်း၊ ဒေါ်တင်မေအေး၊ မအေးမီကျော်နှင့် မအေးမီသင်းတို့ ငါးဦးအား ပြန်လည်စေလွှတ်ပေးခဲ့ကြောင်း သိရသည်။

ထို့အတူ မေ ၁ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ကင်မွန်းတော်ကျေးရွာနေသူများဖြစ်သည့် ဦးပြားကြီး (၃၈)နှစ်(ဘ) စိစစ်ဆဲ၊ ဦးနန်းထိုက် (၃၅)နှစ် (ဘ) ဦးစိုးတင့်၊ ဦးစိုးသန်း (၄၅)နှစ်(ဘ)ဦးရွှေး၊ ဦးကျော်ရွှေ (၄၃)နှစ် (ဘ) ဦးမြသိန်း၊ ဦးဇော် (၄၈)နှစ် (ဘ) ဦးသန်းမောင်၊ ဦးမင်း(၄၀)နှစ် (ဘ) ဦးထွန်းရှိန်၊ ဦးမင်း(၄၃)နှစ် (ဘ)ဦးထွန်းရှိန်၊ ဦးလှိုင်မျိုးထွန်း (၃၃)နှစ် (ဘ) ဦးတင်ဝင်း၊ ဒေါ်စန်းညွန့်စိန် (၄၆)နှစ် (ဘ) ဦးထွန်းရှိန်၊ ဒေါ်ယဉ်မာဌေး (၃၈)နှစ် (ဘ) ဦးလင်း၊ ဒေါ်တင်မော် (၄၂)နှစ် (ဘ) ဦးစိန်ထွေး၊ မသက်နှင်းဝေ (၁၉)နှစ်(ဘ) ဦးပြားကြီး၊ မသွယ်ဇင်ဝင်း (၁၈)နှစ်(ဘ) ဦးကိုဦးတို့ ၁၃ ဦးသည် ကင်မွန်းထော်ကျေးရွာမှ အမြင့်ကျေးရွာသို့ ဈေးဝယ်ရန်ထွက်ခွာလာစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက တောကျောင်းလေးကျေးရွာအနီးအရောက်၌ ၎င်းတို့ ၁၃ ဦးအား ခြိမ်းခြောက်ကာ ဖမ်းဆီးခေါ်ဆောင်သွားပြီး ငါးလုံးတင်ကျေးရွာ၏ အနောက်ဘက် တစ်မိုင်ခန့်အကွာရှိ ချောင်းရိုးအတွင်း၌ “သတင်းပေး၊ ဒလန်များ”ဟု စွပ်စွဲကာ သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်၍ အလောင်းများအား ချောင်းရိုးအတွင်း စွန့်ပစ်ခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ အပြစ်မဲ့ပြည်သူများအား အကြောင်းအမျိုးမျိုးပြ၍ ဖမ်းဆီးခေါ်ဆောင်ကာ လူအုပ်စုလိုက်အား ရက်စက်စွာသတ်ဖြတ်ခဲ့မှုများ ကျူးလွန်ခဲ့သည့် PDF အမည်ခံ အကြမ်းဖက်သမားများအား ရပ်ရွာလူထုတို့မှလည်း ကြောက်ရွံ့မုန်းတီးလျက်ရှိပြီး အမြန်ဆုံး ဖမ်းဆီးအရေးယူပေးနိုင်ရေး လိုလားလျက်ရှိကြောင်း၊ ၎င်းအကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ရေးအတွက် နယ်မြေခံတပ်မတော်စစ်ကြောင်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အကြမ်းဖက်လုပ်ရပ်များချုပ်ငြိမ်းပြီး ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ရပ်ရွာလူထုတို့မှလည်း အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများ ရရှိပါက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လူငယ်တံခွန်စိုက် ကြက်တောင်ပြိုင်ပွဲများ ကျင်းပမည်

**ရန်ကုန် မေ ၂**

မြန်မာ့ကြက်တောင် အားကစားအဆင့်အတန်း ပိုမိုမြင့်မားတိုးတက်လာစေရန်အတွက် မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် လူငယ်တံခွန်စိုက် ကြက်တောင်ပြိုင်ပွဲကို မေ ၁၂ ရက်မှ ၁၅ ရက်အထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမျိုးသား ကြက်တောင်အားကစားခန်းမတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲတွင် အသက်ကိုးနှစ်နှင့်အောက် အမျိုးသား တစ်ဦးချင်း နှစ်ယောက်တွဲ၊ အမျိုးသမီး တစ်ဦးချင်း နှစ်ယောက်တွဲ၊ အသက် ၁၁ နှစ်နှင့် အောက် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်း၊ အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲ၊ အသက် ၁၃ နှစ်အောက်နှင့် အသက် ၁၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်း၊ အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။ ထို့ပြင် အသက် ၁၇ နှစ်အောက်၊ အသက် ၁၉ နှစ်အောက် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသား နှစ်ယောက်တွဲ၊ အမျိုးသမီး နှစ်ယောက်တွဲ၊ သာမန်တန်း အမျိုးသား တစ်ဦးချင်း၊ အမျိုးသမီး တစ်ဦးချင်း၊ အမျိုးသား+ အမျိုးသမီး နှစ်ယောက်တွဲ ပြိုင်ပွဲများ၊ ဝါသနာရှင်တန်း အမျိုးသား နှစ်ယောက်တွဲ၊ အမျိုးသမီး နှစ်ယောက်တွဲ၊ လူသစ်တန်း အမျိုးသား နှစ်ယောက်တွဲ၊ အမျိုးသမီး နှစ်ယောက်တွဲ၊ သက်ကြီးတန်း ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လူငယ်တံခွန်စိုက် ကြက်တောင်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ဖုန်း ၀၉-၅၅၀၅၀၅၈၊ ၀၉-၇၉၄၅၁၅၈၄၉ သို့ ပြိုင်ပွဲဝင်စာရင်းကို မေ ၉ ရက် နောက်ဆုံးထား ပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

**အာကာလင်း**

## ရွှေကျင်မြို့၌ မူလတန်းကြိုကျောင်း စတင်ဖွင့်လှစ်

**ရွှေကျင် မေ ၂**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် မကျည်းတန်းရပ်ကွက်အတွင်းရှိ ရွှေကျင်မူလတန်းကြိုကျောင်းကို ယနေ့နံနက်က စတင်ဖွင့်လှစ်ကြောင်း သိရသည်။

လူမှုဝန်ထမ်းဦးစီးဌာန ရွှေကျင်မူလတန်းကြိုကျောင်းတွင် မူကြိုကလေးငယ် ၈၆ ဦး လာရောက်အပ်နှံထားသည်။ အဆိုပါ ကလေးငယ်များအား ကာယ၊ ဉာဏ၊ စာရိတ္တ၊ လူမှုဆက်ဆံရေးစိတ်ခံစားမှု၊ အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများ ရရှိစေရေးအတွက် ကစားခြင်းဖြင့် သင်ကြားနည်း၊ တေးဂီတဖြင့်သင်ကြားနည်း၊ အခြေခံပန်းချီဖြင့် သင်ကြားနည်း၊ လက်မှုပညာ သင်ကြားနည်းများဖြင့် သင်ကြား ပို့ချပေးမည်ဖြစ်ကြောင်း ရွှေကျင်မူလတန်းကြို ကျောင်းအုပ်ဆရာမကြီး ဒေါ်ရွှေဝတ်ရည်ဝင်းထံမှ သိရသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**

# ထိုင်းနိုင်ငံအား ဂျပန်နိုင်ငံ၏ ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံအဖြစ် ပိုမိုမြှင့်တင်သွားရန် ဂျပန်ဝန်ကြီးချုပ် ပြောကြား

ဘန်ကောက် မေ ၂

**ဂျပန်ဝန်ကြီးချုပ် ဖူမီယို ကီရှီးဒါးနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယုချန်အိုချာ တို့နှစ်ဦးသည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် မေ ၂ ရက်က တွေ့ဆုံဆွေးနွေးကြသည်။**



ဂျပန်ဝန်ကြီးချုပ် ကီရှီးဒါးနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယုချန်အိုချာ

တွေ့ဆုံဆွေးနွေးပွဲကို နှစ်နာရီကြာ ကျင်းပပြုလုပ်ခဲ့ပြီး ယနေ့အစောပိုင်းတွင် မြို့တော်ဘန်ကောက်တွင် ဂျပန်ဝန်ကြီးချုပ် ကီရှီးဒါးအား ကြိုဆိုပွဲအခမ်းအနား ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲအစတွင် ဂျပန်ဝန်ကြီးချုပ် ကီရှီးဒါးက ဂျပန်နိုင်ငံ၏ မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးမှု ပိုပိုခိုင်မာစေရန် လိုလားကြောင်း ထိုင်းနိုင်ငံ ဝန်ကြီးချုပ်နှင့်အတူ ဆွေးနွေးပြောကြားခဲ့သည်။

ထိုင်းနိုင်ငံအား ဂျပန်နိုင်ငံ၏ ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံအဖြစ် ပိုမိုမြှင့်တင်သွားရန် ဂျပန်ဝန်ကြီးချုပ် ကီရှီးဒါးက ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယုအား အဆိုပြုခဲ့ကြောင်း ဂျပန်ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ဂျပန်ဝန်ကြီးချုပ် ကီရှီးဒါးက နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုမြင့်မားသည့်အဆင့် တစ်ခုအဖြစ် ဆွေးနွေးနိုင်ရန် ပိုမိုလေးနက်သော အကြံပြုချက်ကို ရရှိရန်လိုလားကြောင်း ဂျပန်ဝန်ကြီးချုပ် ကီရှီးဒါးက ပြောကြားခဲ့သည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် ဂျပန်နိုင်ငံမှ ထိုင်းနိုင်ငံသို့ ကာကွယ်ရေးပစ္စည်းကိရိယာများ တင်ပို့ခြင်းနှင့် နည်းပညာဖလှယ်ရေး စာချုပ်တစ်ခုကို လက်မှတ်ရေးထိုးရန် သဘောတူမည်ဟု ယုံကြည်လျက်ရှိသည်။

အစည်းအဝေးတွင် ကိုဗစ်-၁၉ ကပ်ရောဂါနှင့်ပတ်သက်သည့် စီမံချက်များ၊ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများနှင့် နှစ်နိုင်ငံ တာဝန်ရှိသူများကြား ပူးပေါင်းဆောင်ရွက်မှု တိုးတက်လာမည့် စာချုပ်ချုပ်ဆိုရေးများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၇၃၂ ဦး ထပ်မံတွေ့ရှိ

**စင်ကာပူ မေ ၂**

စင်ကာပူနိုင်ငံ၌ မေ ၁ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၇၃၂ဦး ထပ်မံတွေ့ရှိလာသဖြင့် ကိုဗစ်-၁၉ ကူးစက်ခံရသူ စုစုပေါင်း ၁၁၉၉၆၄၀ ရှိလာပြီဖြစ်ကြောင်း သိရသည်။

စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူများအနက် ၁၆၉၄ ဦးမှာ ဒေသတွင်း ကူးစက်ခံရသူများဖြစ်ပြီး ပြည်ပပြန်ကူးစက်ခံရသူ ၃၈ ဦးရှိကြောင်း သိရသည်။

စင်ကာပူနိုင်ငံ၌ ဒေသတွင်း ကူးစက်ခံရသူများအနက် ၂၁၆ ဦးမှာ ပီစီအာ စမ်းသပ်စစ်ဆေးမှုစနစ်ဖြင့် ရောဂါပိုး တွေ့ရှိခြင်းဖြစ်ပြီး ၁၄၇၈ ဦးမှာ အေအာတီစနစ် စမ်းသပ်စစ်ဆေးမှုဖြင့် ရောဂါပိုး တွေ့ရှိခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် စာရင်းဇယားများအရ သိရသည်။



စင်ကာပူနိုင်ငံ၌ ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ပြီး သွားလာနေသူများကို တွေ့ရစဉ်။

စင်ကာပူနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ဖြင့်ဆေးရုံတက်ရောက်နေရသူ စုစုပေါင်း ၂၂၅ ဦးရှိပြီး ခုနစ်ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေရကြောင်း သိရသည်။

စင်ကာပူနိုင်ငံ၌ မေ ၁ ရက်က ကိုဗစ်-၁၉ ဖြင့် ထပ်မံသေဆုံးသူ တစ်ဦးရှိပြီး ကိုဗစ်-၁၉ ဖြင့် သေဆုံးသူစုစုပေါင်းမှာ ၁၃၃၆ ဦး ရှိပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ဖော်ပြချက်အရ သိရသည်။ **ဆင်ဟွာ**

# ဖိလစ်ပိုင်တက္ကသိုလ်ဝင်း လူနေအဆောက်အအုံမီးလောင်မှု ရှစ်ဦးသေဆုံး

**မနီလာ မေ ၂**

မြို့တော်မနီလာ အစိုးရတက္ကသိုလ်ဝင်းရှိ လူနေအဆောက်အအုံတစ်လုံး မေ ၂ ရက် နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ရာ ရှစ်ဦးထက်မနည်း သေဆုံးခဲ့သည်။

ဒေသစံတော်ချိန် နံနက် ၅ နာရီဝန်းကျင်၌ မနီလာတက္ကသိုလ်ဝင်းထဲတွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးဘေးသင့်သူများမှာ ၎င်းတို့၏ နေအိမ်များတွင် ပိတ်မိလျက်ရှိကြောင်း မီးသတ်အရာရှိများ၏ ပြောကြားချက်များကို ကိုးကား၍ ရေဒီယို DzBB က ဖော်ပြခဲ့သည်။

ကလေးများ အပါအဝင် သေဆုံးသူ ခြောက်ဦးကို အိမ်တစ်အိမ်တွင်တွေ့ရှိခဲ့သည်။

သတင်းဖော်ပြချက်အရ မီးလောင်မှုသည် အိမ်အလုံး ၈၀ နီးပါး လောင်ကျွမ်းသွားခဲ့ကြောင်းနှင့် အိမ်ထောင်စု ၂၅၀ နီးပါး မီးဘေးဒုက္ခရောက်ခဲ့ကြောင်း သိရသည်။ အရှိန်ပြင်းတောက်လောင်လာသော မီးဘေးမှ ကင်းလွတ်စေရန် လူတချို့ ၎င်းတို့နေအိမ်မှ ခုန်ထွက်ကြရာ ဒဏ်ရာရရှိခဲ့သည်။



မီးလောင်မှုဖြစ်ပွားပြီးနောက် ရှင်းလင်းမှုများလုပ်ဆောင်နေသော မီးသတ်သမားများကို တွေ့ရစဉ်။

မီးသတ်သမားများသည် အဆိုပါမီးကို နှစ်နာရီနီးပါး ငြိမ်းသတ်ခဲ့သည်။

မီးလောင်ရသည့် အကြောင်းရင်းနှင့်ပတ်သက်ပြီး မီးသတ်တပ်ဖွဲ့က တရားဝင် ထုတ်ပြန်ချက် တစ်စုံတစ်ရာ ထုတ်ပြန်ထားခြင်း မရှိသေးကြောင်း သိရသည်။

**ဆင်ဟွာ**

# အိန္ဒိယပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း လေပြင်းကျရောက်မှုကြောင့် ၁၇ ဦး ဒဏ်ရာရရှိ

**နယူးဒေလီ မေ ၂**

အိန္ဒိယနိုင်ငံ၌ မေ ၁ ရက်က ပြည်တွင်းလေကြောင်းလိုင်း တစ်ခုမှ လေယာဉ်တစ်စင်းသည် လေဆိပ်သို့ ဆင်းသက်စဉ် လေပြင်းကျရောက်မှု ကြုံတွေ့သဖြင့် အနည်းဆုံးခရီးသည် ၁၄ ဦးနှင့် လေယာဉ်အမှုထမ်း သုံးဦးတို့ ဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်းမီဒီယာတစ်ခုက မေ ၂ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဘိုးရင်း ၇၃၇ ခရီးသည်တင်လေယာဉ်တစ်စင်းမှာ အိန္ဒိယနိုင်ငံ စီးပွားရေးမြို့တော် မွမ်ဘိုင်းမြို့မှ အနောက်ဘင်္ဂလား၏ ပြည်နယ်အရှေ့ပိုင်း ဒူဂါပူမြို့သို့ ပျံသန်းစဉ် လေပြင်းကျရောက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း NDTV ရုပ်သံလိုင်း၏ ထုတ်ပြန်ဖော်ပြချက်အရ သိရသည်။

အဆိုပါ SpiceJet လေယာဉ်သည် ခရီးသည် ၁၈၈ ဦး တင်ဆောင်လာပြီး ဒူဂါပူလေဆိပ်သို့ မဆင်းသက်မီ ပြင်းထန်သော လေပြင်းကျရောက်မှုတစ်ခုနှင့် ကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ ထိုသို့ လေပြင်းကျရောက်မှုနှင့် ကြုံတွေ့စဉ် လေယာဉ်ခရီးသည်များ၏ အထုပ်အပိုးများ ထည့်သည့်နေရာမှ ပစ္စည်းများပြုတ်ကျလာပြီး ခရီးသည်များ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# နယူးဇီလန်နိုင်ငံ နယ်စပ်ဒေသများ ပြန်လည်ဖွင့်လှစ်

**အော့ကလန် မေ ၂**

နယူးဇီလန်နိုင်ငံသည် ၎င်း၏ နယ်စပ်ဒေသများကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးထားသူများနှင့် ဗီဇာကင်းလွတ်ခွင့်ရသည့် နိုင်ငံနှင့်ဒေသ ၆၀ မှ ကျောင်းသား ကျောင်းသူများအတွက် ပြန်လည်ဖွင့်လှစ်ပေးလိုက်ပြီဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို တိုက်ဖျက်ရန် ကြိုးစားအားထုတ်မှုတစ်ခုအနေဖြင့် နယူးဇီလန်နိုင်ငံသည် ၎င်း၏နယ်စပ်ဒေသကို ၂၀၂၀ ပြည့်နှစ် မတ်လတွင် ပိတ်ခဲ့သည်။ လွန်ခဲ့သော ဖေဖော်ဝါရီလမှစကာ နယူးဇီလန်နိုင်ငံသည် ၎င်း၏ ကန့်သတ်ချက်များကို ဖြေလျှော့ပေးခဲ့သည်။

မေ ၂ ရက်မှစကာ ဂျပန်နိုင်ငံအပါအဝင် နိုင်ငံနှင့်ဒေသပေါင်း ၆၀ မှ ဗီဇာကင်းလွတ်ခွင့်ရရှိထားသော ခရီးသွားများသည် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးထားကြောင်း သက်သေအထောက်အထားပြနိုင်ပါက နိုင်ငံတွင်းသို့ ဝင်ရောက်နိုင်ကြောင်း သိရသည်။

ထို့အပြင် ၎င်းတို့အနေဖြင့် ကိုဗစ်-၁၉ ကင်းစင်ကြောင်း ကြိုတင်စစ်ဆေးမှုလည်း လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံ၏အကြီးဆုံးလေဆိပ်ဖြစ်သည့် အော့ကလန်နိုင်ငံတကာလေဆိပ်ကြီးတွင် မိသားစုများနှင့်သူငယ်ချင်းများ ပြန်လည်ပေါင်းစည်းဆုံတွေ့မှုဖြင့် စည်ကားများပြားလာလျက်ရှိသည်။ **ဆင်ဟွာ**

## မေ ၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄ ဦး တွေ့ရှိ

### ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါဖြင့် သေဆုံးသူမရှိ

(၂-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၆၉၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၉၇၀,၄၀၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၂,၉၁၄) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၁,၈၄၇) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၅၁) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၆၃) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၇၉) ခု | (၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၈) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၆၅) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၀၅၉) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၅၇၀) ခု | (၈) ဦး |
| စုစုပေါင်း | (၇,၆၉၅) ခု | (၁၄) ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ၂-၅ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၃၀၈၃၄၂၅ | ၈၀၇၁၉၂၉ | ၁၀၂၀၈၅၄ |
| ၂။ | အိန္ဒိယ | ၄၃၀၈၂၅၀၂ | ၄၂၅၃၈၉၇၆ | ၅၂၃၈၆၉ |
| ၃။ | ဘရာဇီး | ၃၀၄၅၄၄၉၀ | ၂၉၅၃၃၀၃၉ | ၆၆၃၅၆၇ |
| ၄။ | ပြင်သစ် | ၂၈၆၈၂၀၁၁ | ၂၆၈၂၆၉၀၅ | ၁၄၅၉၆၂ |
| ၅။ | ဂျာမနီ | ၂၄၇၇၀၅၉၅ | ၂၂၄၆၉၂၀၀ | ၁၃၅၉၁၃ |
| ၆။ | ဗြိတိန် | ၂၂၀၃၈၃၄၀ | ၂၁၂၆၄၁၂၈ | ၁၇၄၉၁၂ |
| ၇။ | ရုရှား | ၁၈၁၉၅၆၀၈ | ၁၇၅၅၆၂၂၀ | ၃၇၆၁၆၇ |
| ၈။ | တောင်ကိုရီးယား | ၁၇၂၉၅၇၃၃ | စိစစ်ဆဲ | ၂၂၉၅၈ |
| ၉။ | အီတလီ | ၁၆၅၀၄၇၉၁ | ၁၅၁၀၉၅၀၉ | ၁၆၃၆၁၂ |
| ၁၀။ | တူရကီ | ၁၅၀၃၃၅၇၃ | ၁၄၉၃၀၀၈၈ | ၉၈၇၈၃ |

### ၂-၅-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၆၅၆၆၄၉ | ၉၂၆၅၄၅၆ | ၄၃၀၄၄ |
| အင်ဒိုနီးရှား | ၆၀၄၇၂၀၈ | ၅၈၈၃၆၆၄ | ၁၅၆၂၈၇ |
| မလေးရှား | ၄၄၄၉၅၀၇ | ၄၃၇၂၇၉၀ | ၃၅၅၅၀ |
| ထိုင်း | ၄၂၇၁၈၁၅ | ၄၁၁၄၀၄၆ | ၂၈၇၀၄ |
| ဖိလစ်ပိုင် | ၃၆၈၆၀၈၂ | ၃၆၂၀၃၆၉ | ၆၀၄၁၀ |
| စင်ကာပူ | ၁၁၉၉၆၄၀ | ၁၁၃၇၉၇၀ | ၁၃၃၆ |
| မြန်မာ | ၆၁၂၉၁၄ | ၅၉၁၈၄၇ | ၁၉၄၃၄ |
| လာအို | ၂၀၇၇၁၄ | ၂၀၅၃၇၈ | ၇၄၄ |
| ဘရူနိုင်း | ၁၄၁၉၁၁ | ၁၄၁၀၂၂ | ၂၁၈ |
| ကမ္ဘောဒီးယား | ၁၃၆၂၅၄ | ၁၃၃၁၁၆ | ၃၀၅၆ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ



လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို
ပျက်စီးစေရန်အတွက် လက်ကို
ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး
စက္ကန့်(၂၀) ကြာဆေးကြောပါ။



# ရှားပါးမျိုးစိတ်များ ရှင်သန်နိုင်ရေးအတွက် အရေးပါလှသည့် မုတ္တမပင်လယ်ကွေ့ဒေသ ထိန်းသိမ်းရေး

သိန်းညွန့်(PZL)

မုတ္တမပင်လယ်ကွေ့ဒေသသည် ရန်ကုန် တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်ရှိ ပင်လယ်ကမ်းရိုးတန်း ဆက်စပ်ဧရိယာများ ပါဝင်ပြီး မွန် ပြည်နယ်အတွင်းရှိ ကျိုက်ထိုမြို့နယ်နှင့် ဘီးလင်းမြို့နယ် ပင်လယ်ကမ်းရိုးတန်း ဧရိယာ ၄၅၂၀၀ ဟက်တာကို ကနဦး ရေဝပ်ဒေသ (Ramsar Site No. 2299)အဖြစ် ၂၀၁၇ ခုနှစ် မေ ၁၀ ရက်တွင် သတ်မှတ်ခဲ့သည်။ တိုးချဲ့ဧရိယာအဖြစ် မွန်ပြည်နယ်တောင်ပိုင်း သထုံမြို့နယ် ပေါင်မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်း ကဝမြို့နယ်နှင့် သနပ်ပင်မြို့နယ် အပါအဝင် စုစုပေါင်းဧရိယာ ၁၆၁၀၃၀ ဟက်တာ ကျယ်ဝန်းသည့် ပင်လယ်ကမ်းရိုးတန်း ဒေသကို ရမ်ဆာရေဝပ်ဒေသအဖြစ် ၂၀၂၀ ပြည့်နှစ်တွင် ထပ်မံတိုးချဲ့ခဲ့ကြောင်း သိရသည်။

> ငါးမျိုးစိတ်များ ရှင်သန်ပေါက်ပွားရေးနှင့် ကမ္ဘာ့မြောက်ဝင်ရိုးစွန်းမှ နှစ်စဉ်ဆောင်းလာခိုသည့် ဆောင်းခိုရေပျော်ငှက်များအတွက် အရေးကြီးသည့် နေရာဒေသတစ်ခုဖြစ်သည့် အပြင် ဒေသခံများအတွက် ရေသယံဇာတများကို ပံ့ပိုးပေးသည့် နေရာတစ်ခု

### ရေချိုရေငန်စပ်ဒေသ


ထို့အပြင် အရှေ့အာရှ-သြစတြေးလျ ငှက်ပျံသန်းရာလမ်းကြောင်း (East Asian–Australian Flyway–EAAF)၏ ဒေသ (EAAF–117) အဖြစ် ၂၀၁၄ ခုနှစ်တွင် သတ်မှတ်ခဲ့ကြောင်း၊ မုတ္တမပင်လယ်ကွေ့ဒေသသည် စစ်တောင်း မြစ်၊ သံလွင်မြစ်နှင့် ရန်ကုန်မြစ်တို့ဆုံရာ ရေတက်ရေကျ မြန်ဆန်နေရာဖြစ်ပြီး အချိန်နှင့်အမျှပြောင်းလဲနေသော ရေချိုရေငန်စပ်ဒေသတစ်ခု ဖြစ်သည်။ ထို့အပြင် ပင်လယ်ဒီရေ ကျသွားချိန်တွင် ကျယ်ပြောလှသည့် ရွှံ့နွံ့လတာပြင်များ တည်ရှိရာနေရာဖြစ်သည့်အတွက် ကမ္ဘာပေါ်ရှိ ထင်ရှားသည့် လတာပြင်များ အနက်တစ်ခု အပါအဝင် ဖြစ်သည်။ အဆိုပါ ရွှံ့နွံ့လတာပြင်ဒေသသည် ရေအောက်တွင် နေထိုင်ကျက်စားသည့် ကျောရိုးမဲ့သတ္တဝါများ၊ အပင်မျောလေးများ အလွန်ပေါကြွယ်ဝသည့် နေရာဖြစ်သည့်အလျောက် ငါးမျိုးစိတ်များ ရှင်သန်ပေါက်ပွားရေးနှင့် ကမ္ဘာ့မြောက်ဝင်ရိုးစွန်းမှ နှစ်စဉ်ဆောင်းလာခိုသည့် ဆောင်းခိုရေပျော်ငှက်များအတွက် အရေးကြီးသည့် နေရာဒေသတစ်ခုဖြစ်သည့်အပြင် ဒေသခံများအတွက် ရေသယံဇာတများကို ပံ့ပိုးပေးသည့် နေရာတစ်ခုဖြစ်ကြောင်း မြန်မာ့သဘာဝ ထိန်းသိမ်းရေးအဖွဲ့ (NCS)မှ ပညာရှင်တစ်ဦးထံမှ သိရသည်။

### ဆောင်းခိုငှက်များ

မုတ္တမပင်လယ်ကွေ့ဒေသသို့ နှစ်စဉ် အောက်တိုဘာလမှစ၍ ဧပြီလအထိ ကမ္ဘာ့မြောက်ဝင်ရိုးစွန်းမှ ဆောင်းခိုငှက်များ လာရောက်ဆောင်းခိုပြီး မျိုးသုဉ်းလုနီးပါးအန္တရာယ်ရှိသော မျိုးစိတ်ဖြစ်သည့် ရေညှောင့်နှုတ်ဝိုင်းငှက်နှင့် အခြားမျိုးသုဉ်းရန် အန္တရာယ်ကျရောက်နေသော ငှက်မျိုးစိတ်များအပါအဝင် နှစ်စဉ် ဆောင်းခိုငှက် အကောင်ရေ ၁၅၀၀၀၀–၂၀၀၀၀၀ ခန့် လာရောက်ဆောင်းခိုလေ့ရှိသည်။ မျိုးသုဉ်းလုနီးပါး အန္တရာယ်ရှိသော မျိုးစိတ်ဖြစ်သည့် ရေညှောင့်နှုတ်ဝိုင်းငှက်သည် ရုရှားနိုင်ငံ အရှေ့မြောက်ပိုင်း ချူကိုတာဒေသတွင် သားပေါက်ပြီး နှစ်စဉ်ကမ္ဘာ့တောင်ဘက်ခြမ်းရှိ နိုင်ငံများဖြစ်သည့် ဂျပန်၊ ကိုရီးယား၊ တရုတ်၊ မလေးရှား၊ ဗီယက်နမ်၊ ထိုင်း၊ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ ကီလိုမီတာ ၈၀၀၀ ခန့် အကွာအဝေးကို ဖြတ်သန်း၍ လာရောက် ဆောင်းခိုလျက်ရှိပြီး မုတ္တမပင်လယ်ကွေ့သည် တစ်ကမ္ဘာလုံးရှိ အကောင်ရေစုစုပေါင်း၏ ၅၀ ရာခိုင်နှုန်း (အကောင်ရေအားဖြင့် ၂၀၀–၂၅၀ ခန့်) လာရောက်ဆောင်းခိုလျက်ရှိကြောင်း မြန်မာ့သဘာဝထိန်းသိမ်းရေးအဖွဲ့ (NCS) ၏ မှတ်တမ်းများအရ သိရသည်။

### ရှားပါးမျိုးစိတ်များ ရှင်သန်

ထို့အပြင် အခြား မျိုးသုဉ်းအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့နေရသည့် မျိုးစိတ်များဖြစ်သည့် နေ့ငှက်၊ ခြေစိမ်းပြောက်၊ နှုတ်သီးရှည်မြီးမည်း၊ နှုတ်သီးရှည်မြီးညို၊ နှုတ်သီးကောက်ကြီး၊ ပျံဖြူနားမည်း၊ စကီ မာဘဲ၊ နေ့ဒနီ၊ ငှက်ကျား၊ ခရုစုပ်ခေါင်းမည်း တို့အပြင် ဧရာဝတီလင်းပိုင်များလည်း ကျက်စားလျက်ရှိကြောင်း သိရသည်။ ထိုကဲ့သို့ ရှားပါးမျိုးစိတ်များ ရှင်သန်နိုင်ရေးအတွက် အထောက်အပံ့ပေးနေသည့် မုတ္တမပင်လယ်ကွေ့ဒေသ ထိန်းသိမ်းရေးလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်ရန် လိုအပ်လျက်ရှိကြောင်း လေ့လာသိရှိရသည်။



## ဇီဝမျိုးစုံနှင့် သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းရန်၊ ရာသီဥတုနှင့် ဂေဟစနစ်မျှတစေရန်အတွက် သစ်တောစိုက်ခင်း တည်ထောင်

မြို့သစ်မြို့နယ်အတွင်း ရေ၊ မြေ၊ တောတောင်၊ ဇီဝမျိုးစုံနှင့် သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းရန်၊ ရာသီဥတုနှင့်ဂေဟစနစ်မျှတစေရန် အတွက် သစ်တောစိုက်ခင်း တည်ထောင်ခြင်းနှင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းတို့ကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယခုနှစ်တွင် မြို့သစ်မြို့နယ်သစ်တောဦးစီးဌာန ပျိုးဥယျာဉ်ခြံမှ လူထုထံဖြန့်ဝေပေးရန် ပျိုးပင်ပေါင်း နှစ်သောင်းကျော် ပျိုးထောင်ထားရှိပြီးဖြစ်ကြောင်းနှင့်အဆိုပါပျိုးပင်များကို ၂၀၂၂ ခုနှစ် မိုးရာသီကာလတွင် ဌာနဆိုင်ရာများနှင့်ကျေးရွာများသို့ ဆက်လက် ဖြန့်ဝေစိုက်ပျိုးသွားမည်ဖြစ်သည်။

မြို့သစ်မြို့သစ်တောဦးစီးဌာနပျိုးဥယျာဉ်၌ ပျိုးပင်များပျိုးထောင်ရာတွင် ဒေသရာသီဥတုနှင့် ကိုက်ညီသည့်ယူကလစ် ၈၀၀၀၊ ယင်းမာ ၅၀၀၀၊ တမာ ၁၀၀၀၊ ဇီးဖြူ ၃၅၀၀၊ မယ်ဇလီ ၁၉၀၀၊ လျှော်ဖြူ ၂၀၀၀၊ ဗန်ဒါ ၅၀၀၊ စိန်ပန်း ၅၀၀၊ ရေတမာ ၅၀၀ ပင် ပျိုးထောင်ထားရှိပြီး ဖြစ်ကြောင်းနှင့် အဆိုပါပျိုးပင်များကို မိုးဦးရာသီကာလများတွင် မြို့သစ်မြို့နယ်အတွင်း၌ ဖြန့်ဝေစိုက်ပျိုးသွားမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်သစ်တောဦးစီးဌာနအနေဖြင့် စိုက်ပျိုးမည့် မြေနေရာရွေးချယ်ခြင်း၊ ကျင်းတူးခြင်းလုပ်ငန်းများအား သက်ဆိုင်ရာဌာနများနှင့် ကျေးရွာများသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ဆောင်ရွက်လျက်ရှိပြီး သစ်ပင်စိုက်ပျိုးရာတွင်လုံလောက်သောအစိုဓာတ်ရရှိချိန်၌ အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် ပြည်သူများထံသို့ လက်ဝယ်အရောက် ဖြန့်ဝေခြင်း/စိုက်ပျိုးခြင်းလုပ်ငန်းများကို ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်သည်။

မြို့နယ်
(ပြန်/ဆက်)

# ကောင်းမွန်သည့် ဂေဟစနစ်များနှင့် သဘာဝပတ်ဝန်းကျင်များ ရေရှည်တည်တံ့နိုင်ရန် စနစ်တကျဂရုစိုက် ထိန်းသိမ်းကြရန် လိုအပ်

ကမ္ဘာပေါ်ရှိ နိုင်ငံများတွင် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ သဘာဝပတ်ဝန်းကျင်များလည်း အဘက်ဘက်မှ ယိုယွင်းပျက်စီးလာပြီး ကမ္ဘာပေါ်ရှိ လူသားများ အန္တရာယ်အသွယ်သွယ်နှင့် ရင်ဆိုင်နေကြရပြီး သဘာဝကြောင့်ဖြစ်သော အန္တရာယ်ထက် လူသားတို့ကြောင့် ဖြစ်ပွားသည့် အန္တရာယ်များက ပို၍ ဒုက္ခပေးလျက်ရှိခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ကို လူသားတို့အနေဖြင့် စနစ်တကျဂရုစိုက် ထိန်းသိမ်းရန် လိုအပ်လာပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းအမှတ်စဉ် (၁/၂၀၂၂) ဖွင့်ပွဲတွင် ပြောကြားသည်။

အဆိုပါသင်တန်းကို မေ ၂ ရက် နံနက်ပိုင်းက တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံး သင်တန်းခန်းမတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သဘာဝဂေဟစနစ်နှင့် မိရိုးဖလာလူနေမှုဘဝများ ယှဉ်တွဲတည်ရှိနေစေရန်အတွက် လူမှုရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များကိုလည်း ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ကြောင်း ဆက်လက်ပြောကြားသည်။

မိမိတို့နိုင်ငံသည် သဘာဝသယံဇာတများ ပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတော်၏ စီးပွားရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ထိရောက်စွာ အထောက်အပံ့ပေးနိုင်သည့် ကောင်းမွန်သည့် ဂေဟစနစ်များနှင့် သဘာဝပတ်ဝန်းကျင်များ ရေရှည်တည်တံ့နိုင်ရန် အလွန်အရေးကြီးသဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပတ်သက်၍ မြေပေါ်မြေအောက် သဘာဝသယံဇာတများ ထုတ်ယူသုံးစွဲမှုများကို လျှော့ချပြီး တိုင်းပြည်၏ အရန်သယံဇာတအဖြစ် ထိန်းသိမ်းနိုင်ရေး၊ ရာသီဥတုဖောက်ပြန်မှု ပြန်လည်မျှတရေး၊ နိုင်ငံပိုင်သစ်တောများ စိမ်းလန်းစိုပြည်ရေးတို့ကို အလေးထား ဆောင်ရွက်လျက်ရှိသည်။



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းဖွင့်ပွဲအခမ်းအနား၌ အမှာစကား ပြောကြားစဉ်။

အဆိုပါ သင်တန်းအား မုံရွာတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် သက်ဆိုင်ရာဆက်စပ်ဌာနများမှ နည်းပြဆရာ ဆရာများက သင်တန်းကာလ တစ်လအကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များတွင် တာဝန်ထမ်းဆောင်ကြမည့် ဒုတိယဦးစီးမှူးနှင့် ဒုတိယလက်ထောက်ဦးစီးမှူး ၄၀ တက်ရောက်ကြောင်း သိရသည်။

တိုင်းဒေသကြီး

(ပြန်/ဆက်)

---

## မိုးသစ်တော၏ အကျိုးကျေးဇူးများ

**ကမ္ဘာ** ပေါ်ရှိ သစ်တောများကို အပူချိန်၊ မိုးရေချိန်နှင့် ပေါက်ရောက်ရာဒေသများအလိုက် အပူပိုင်း မိုးသစ်တော၊ သမပိုင်းသစ်တောနှင့် အအေးပိုင်းဒေသရှိသစ်တောများဟု ယေဘုယျအားဖြင့် ခွဲခြားနိုင်သည်။

*ကိုကျော်စွာ(ကျိုက်ပိ)*

အပူပိုင်းမိုးသစ်တောများသည် တစ်နှစ်ပတ်လုံး ပူပြင်းပြီး မိုးများသောဒေသများတွင်ပေါက်လေ့ရှိသည်။ သစ်မာမျိုး အများဆုံး ပေါက်လေ့ရှိပြီး တစ်နှစ်ပတ်လုံးစိမ်းစိုလျက်ရှိကာ သစ်မာပင်ကြီးများ၏ ထိပ်ဖျားပိုင်း များသည်ပူးကပ်၍ အမိုးသဖွယ် အုပ်မိုးထားသောကြောင့် တောတွင်းတိရစ္ဆာန်လေးများ၏ မှီခိုရာဖြစ်လျက်ရှိသည်။

### အကြီးဆုံးမိုးသစ်တော

ကမ္ဘာပေါ်ရှိ မိုးသစ်တောများအနက် အထင်ရှားဆုံး မိုးသစ်တောနှင့် အကြီးဆုံးမိုးသစ်တောမှာ အမေဇုန် မိုးသစ်တောဖြစ်ပါသည်။ အမေဇုန်တောသည် နှစ်သန်းပေါင်းတစ်ရာမျှ သက်တမ်းရှိပြီး ကမ္ဘာပေါ်ရှိသိပြီးသမျှ ငှက်မျိုးစိတ်များအနက်မှ ၂၀ ရာခိုင်နှုန်းတွေ့နိုင်သည် ဟုဆိုသည်။ အမေဇုန်မြစ်ထဲတွင်မူ ငါးမျိုးစိတ်ပေါင်း ၂၀၀၀ ကျော်ခန့်ရှိပြီး အမေဇုန်မြစ်အတွင်းရှိ ငါးမျိုးစိတ်များသည် အတ္တလန်တိတ်သမုဒ္ဒရာအတွင်းရှိ ငါးမျိုးစိတ်ထက်များပြားသည်ဟု ဆိုသည်။

ဒုတိယအကြီးဆုံး မိုးသစ်တောမှာ အာဖရိကအလယ်ပိုင်းတွင် တည်ရှိသည်။ ထိုမိုးသစ်တောအတွင်း ကွန်ဂိုမြစ်ကြီးဖြတ်သန်းစီးဆင်းလျက်ရှိသည်။ တတိယအကြီးဆုံး မိုးသစ်တောသည် အရှေ့တောင်အာရှနိုင်ငံများဖြစ်သော မြန်မာ၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ဘော်နီယိုကျွန်းအပြင် တောင်ပစိဖိတ်ကျွန်းများပေါ်တွင် တည်ရှိသည်။ မိုးသစ်တောများတွင် ရှားပါးတိရစ္ဆာန်များနှင့် ရှားပါးသစ်ပင်များစွာ ပေါက်ရောက်ရှင်သန်လေ့ရှိသည်။ မိုးသစ်တောများသည် လူနှင့် သက်ရှိများအတွက် အလွန်တန်ဖိုးကြီးလှသည်။

### လူသားတို့အတွက် အကျိုးပြု

မိုးသစ်တောများတွင် ကမ္ဘာပေါ်ရှိ အပင်နှင့် တိရစ္ဆာန်မျိုးစိတ်များ၏ တစ်ဝက်ကျော်ကိုတွေ့နိုင်ကြောင်း သိရသည်။ မိုးသစ်တောများသည် လူသားတို့အတွက် ခန္ဓာဗေဒဆိုင်ရာ ကုသဆေးများ၊ လူ့အသုံးအဆောင်ပစ္စည်းများ၊ အစားအစာများအပြင် အချို့သောရှားပါးမျိုးစေ့နှင့်ရှားပါးအပင်များကိုလည်း ထိုသစ်တောထဲမှာ ရှာဖွေတွေ့ရှိနိုင်သည်။ ၁၉၈၇ ခုနှစ်ခန့်က သိပ္ပံပညာရှင်များသည် မက္ကစီကိုနိုင်ငံရှိ မိုးသစ်တောအတွင်းမှ မျိုးဗီဇကောင်းမွန်၍ သဘာဝဒဏ်ကို ခံနိုင်ပြီး ကျန်းမာသန်စွမ်းသော ပြောင်းဖူးမျိုးစေ့ကို ရှာဖွေတွေ့ရှိခဲ့သည်ဟု ဆိုသည်။

### မိုးသစ်တောမှဆေးဝါးများ

ထို့ပြင် ငှက်ဖျားရောဂါအတွက် သောက်သုံးသော ကွီနိုင်ခေါ် ငှက်ဖျားဆေးကို ပီရူးနိုင်ငံရှိ မိုးသစ်တောအတွင်းပေါက်ရောက်သော “စင်ကိုနာသစ်မာပင်” မှ ထုတ်ယူရရှိသည်။ လူကေးမီးယားရောဂါကို ကုသနိုင်မည့်ဆေးကို မဒါဂတ်စကာ မိုးသစ်တောအတွင်း ပေါက်ရောက်သော “ပယ်ရီဝင်ကယ်(လ်)” အပင်အမျိုးအစား၏ အရွက်မှ ထုတ်ယူရရှိသည်ဟု သိရသည်။ ထို့ပြင် သိပ္ပံပညာရှင်များက မြောက်အမေရိကတိုက်ရှိ မိုးသစ်တောအတွင်းရှိ သစ်မာပင်တစ်ပင်မှ ကင်ဆာရောဂါကို ကုသနိုင်သည့်ဆေးကို အောင်မြင်စွာထုတ်ယူနိုင်ခဲ့သည်။

### မျိုးစိတ်အသစ်များကိုလည်း တွေ့နိုင်

ဒါ့အပြင် ယနေ့ ကမ္ဘာပေါ်တွင် မျိုးသုဉ်းလုဖြစ်နေသော တိရစ္ဆာန်များနှင့် သားရိုင်းတိရစ္ဆာန်မျိုးစိတ်အသစ်များကိုလည်း တွေ့နိုင်ပါသည်။ ဥပမာ – အာဖရိကအလယ်ပိုင်းရှိ မယ်ဒါဂက်(စ်)ကျွန်းတွင် တွေ့ရသော လီမာမျောက် မျိုးစိတ်ပေါင်း ၅၀ ကျော်နေထိုင်လျက်ရှိပြီး နောက်ထပ် မျိုးစိတ်သစ် ၁၂ မျိုးခန့် ထပ်မံတွေ့ရှိကြောင်း သိရသည်။ ထို့အတူ မိုးသစ်တောများက အောက်ဆီဂျင်ပမာဏသည် ၄၀ ရာခိုင်နှုန်း ကမ္ဘာ့လေထုအတွင်းသို့ ထုတ်လွှတ်ပေးလျက်ရှိသည်ဟု သိရသည်။

**မိုးသစ်တောများနှင့် အခြားသစ်တောများ ရှိခြင်းအားဖြင့် သဲကန္တာရ မဖြစ်ထွန်းခြင်း၊ ကမ္ဘာကြီး ပူနွေးမှုနှင့် ဥတုဖောက်ပြန်မှုများကို ကာကွယ်ပေးခြင်းအပြင် အခြားသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကိုပါ ကာကွယ်ပေးလျက် ရှိ**

မိုးသစ်တောများနှင့် အခြားသစ်တောများရှိခြင်းအားဖြင့် သဲကန္တာရမဖြစ်ထွန်းခြင်း၊ ကမ္ဘာကြီးပူနွေးမှုနှင့် ဥတုဖောက်ပြန်မှုများကို ကာကွယ်ပေးခြင်းအပြင် အခြားသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကိုပါ ကာကွယ်ပေးလျက်ရှိသည်။ ထို့ကြောင့် မိုးသစ်တောနှင့်အခြားသော သမပိုင်းသစ်တော၊ အအေးပိုင်း သစ်တောများကို မခုတ်မထွင်ဘဲ ထိန်းသိမ်းမှုနှင့်အတူ ထပ်မံတိုးချဲ့စိုက်ပျိုးခြင်းများလည်း ဆောင်ရွက်သင့်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။



ဘရာဇီးနိုင်ငံရှိ အမေဇုန်မိုးသစ်တောကြီး။

## ဟိုင်းကြီးကျွန်းတိုက်နယ်ဆေးရုံ၌ အောက်ဆီဂျင်စက်ရုံ တည်ဆောက်နိုင်ရေး အလှူငွေလှူဒါန်း



**ဟိုင်းကြီးကျွန်း မေ ၂**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ တိုက်နယ်ဆေးရုံတွင် အောက်ဆီဂျင်စက်ရုံ တည်ဆောက်နိုင်စေရေး ဟိုင်းကြီးကျွန်းဒေသနှင့် မော်တင်ကမ်းခြေရှိ ကျောင်းထိုင် ဆရာတော်များ စုပေါင်း၍ အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့က ဟိုင်းကြီးကျွန်းမြို့ တိုက်နယ်ဆေးရုံဝင်း၌ ကျင်းပသည်။

အလှူငွေ လှူဒါန်းပွဲသို့ ဟိုင်းကြီးကျွန်းဒေသ မော်တင်ကမ်းခြေရှိ ကျောင်းထိုင်ဆရာတော်ကြီး ၂၃ပါး အလှူငွေကျပ် ၃၀၂၅၀၀၀ ကို လှူဒါန်းခဲ့ကြရာ အထွေထွေရောဂါကု သမားတော် ဒေါက်တာ မျိုးအေးထွန်းက လက်ခံယူသည်။

ထို့နောက် စေတနာရှင် မိဘပြည်သူများကလည်း အလှူငွေများ လှူဒါန်းခဲ့ကြပြီး အထွေထွေရောဂါကု သမားတော် ဒေါက်တာ မျိုးအေးထွန်းက ဆရာတော်ကြီးများနှင့် စေတနာရှင် မိဘပြည်သူများကို ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဟိုင်းကြီးကျွန်း (ပြန်/ဆက်)**

## နမ့်ဆန်မြို့နယ်၌ တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး အလုံး ၁၀၀ ထုတ်လုပ်ပေးမည့် အောက်ဆီဂျင်စက်ရုံ စမ်းသပ်လည်ပတ်

**နမ့်ဆန် မေ ၂**

ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်ပြည်သူ့ဆေးရုံဝင်းတွင် ကျန်းမာရေးဝန်ကြီးဌာနက ပေးအပ်သည့် အောက်ဆီဂျင်စက်အား ယမန်နေ့က စမ်းသပ်လည်ပတ်သည်။

ထိုသို့ အောက်ဆီဂျင်စက် စမ်းသပ်လည်ပတ်မှုကို ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ တာသိန်းဇော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းသန်းထိုက်နှင့်အဖွဲ့ဝင်များ၊ ခေတ္တမြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းရွှေနှင့် မြို့နယ်အောက်ဆီဂျင်စက်ကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်များက အောက်ဆီဂျင်ဖြည့်တင်းပေး နေမှုကို ကြည့်ရှုစစ်ဆေးရာ Z&A ကုမ္ပဏီမှ အင်ဂျင်နီယာ ဦးကျော်စွာဝင်းက ရှင်းပြခဲ့သည်။

ထို့နောက် တာဝန်ခံ အင်ဂျင်နီယာက အောက်ဆီဂျင်စက်ရုံနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံခဲ့ကြသည်။ ထိုအောက်ဆီဂျင်စက်မှ တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး အလုံး ၁၀၀ ရရှိမည်ဖြစ်ပြီး ဒေသတွင်း အောက်ဆီဂျင်လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။



အောက်ဆီဂျင်စက်ရုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်စဉ်။

**မြို့နယ် (ပြန်/ဆက်)**

## စာပေဗိမာန် စိန်ရတုအထိမ်းအမှတ် ရွှေသွေးဂျာနယ်အထူးထုတ် (၂၀၂၂) ထွက်ရှိ

**နေပြည်တော် မေ ၂**

၁၉၄၇ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် စတင်တည်ထောင်ခဲ့သော စာပေဗိမာန်သည် ၂၀၂၂ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် (၇၅) နှစ်ပြည့်မြောက်လျက် စိန်ရတုခရီးတိုင်ပြီ ဖြစ်ပါသည်။ သို့ဖြစ်ရာ ရွှေသွေးဌာနအနေဖြင့် စာပေဗိမာန် စိန်ရတုအထိမ်းအမှတ် ရွှေသွေးဂျာနယ်အထူးထုတ် (၂၀၂၂)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

စာပေဗိမာန် စိန်ရတုအထိမ်းအမှတ် ရွှေသွေးဂျာနယ် အထူးထုတ် (၂၀၂၂)တွင် ကဗျာ၊ မြန်မာစကားပုံ၊ ပုံပြင်၊ ဝတ္ထုတို၊ ဉာဏ်စမ်း၊ ရွှေသွေးတို့လက်ရာ စာစီစာကုံးနှင့် ပန်းချီကဏ္ဍ၊ သုတဆောင်းပါးကဏ္ဍနှင့် ကာတွန်းဇာတ်လမ်းတို့ပါဝင်ပြီး သုတရသစုံလင်စွာ တင်ဆက်ထားသည်။ ကဗျာနှစ်သက်သော ကလေးများအတွက် အကြောင်းအရာမျိုးစုံကို သီကုံးဖွဲ့နွဲ့ထားသည့် ကဗျာ ၁၆ ပုဒ် ထည့်သွင်းဖော်ပြထားသည်။ ထို့ပြင် ကလေးများအတွက် သုတ၊ ရသများကို ဖော်ကျူးပေးထားသည့် ပုံပြင် ငါးပုဒ်၊ ကလေးဝတ္ထု ဇာတ်လမ်း ငါးပုဒ်၊ သုတဆောင်းပါး သုံးပုဒ်၊ ရွှေသွေးတို့လက်ရာ ပန်းချီ ငါးခု၊ စာစီစာကုံး သုံးပုဒ်တို့နှင့်အတူ ကလေးများ၏ စိတ်ကူးဉာဏ်ကို ကွန့်မြူးစေမည့် ဉာဏ်စမ်းကဏ္ဍတို့လည်း ပါဝင်သည်။

ကာတွန်းကဏ္ဍတွင် ကာတွန်းဆရာကြီးများဖြစ်ကြသော ကာတွန်းဦးဘကြည်၊ ကာတွန်း ရွှေမင်းသား၊ ကာတွန်း မောင်မောင်လေး၊ ကာတွန်းကျော်ထွဏ်း၊ ကာတွန်းသန်းကြွယ်၊ ကာတွန်း အောင်အောင်ထွေး၊ ကာတွန်းသူရ၊ ကာတွန်းသိက္ခာ၊ ကာတွန်း MGU မောင်ဦး၊ ကာတွန်းအောင်ရှိန်၊ ကာတွန်းရွှေရိုး၊ ကာတွန်း ဆူးထက်အောင်၊ ကာတွန်းရန်ကြီးအောင်၊ ကာတွန်းဦးစိန်၊ ကာတွန်းမြတ်နိုး၊ ကာတွန်းမောင်တင်ယု၊ ကာတွန်းဝင်းမြင့်အောင်၊ ကာတွန်းစိုးတင့် (ဟီးနိုး)၊ ကာတွန်းဒစ်ဂျစ်တယ်၊ ကာတွန်းကျောက်ပု၊ ကာတွန်းဝင်းဖေ (အဖျောက်)၊ ကာတွန်း မောင်ရွှေဝင်း၊ ကာတွန်း သက်စု၊ ကာတွန်းပြုံးချို၊ ကာတွန်းကျော်တင်မြင့်သစ်၊ ကာတွန်း ကိုကျော် (ကြံခင်း)၊ ကာတွန်း ထွန်းထွန်းဝင်း (ရန်ကုန်တက္ကသိုလ်) စသည့် ကာတွန်းဆရာများ၏ လက်ရာများကို စုံလင်စွာ ဖတ်ရှုခံစားနိုင်မည် ဖြစ်ပါသည်။

ထိုကဲ့သို့ နာမည်ကျော် ကာတွန်းလက်ရာကျော်ဆရာများ၏ လက်ရာကောင်းလက်ရာမွန်များကို တစ်စုတစ်စည်းတည်း ဖတ်ရှုနိုင်မည်ဖြစ်သည့်အပြင် အခြားစိတ်ဝင်စားဖွယ် ဝတ္ထု၊ ပုံပြင်၊ ကဗျာများကိုလည်း ဖတ်ရှုနိုင်မည့် စာပေဗိမာန် စိန်ရတုအထိမ်းအမှတ် ရွှေသွေးဂျာနယ်အထူးထုတ် (၂၀၂၂) စာအုပ်ကို တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ရှိ စာပေဗိမာန် အရောင်းဆိုင်များနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန် အရောင်းဌာန၊ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၃၈၀၄၄၈၊ ၀၁-၂၄၉၀၃၁ သို့ ဆက်သွယ်မှာယူနိုင်ပါသည်။ **သတင်းစဉ်**

## မုံရွာမြို့နယ်၌ အသက် ၇ နှစ်မှ ၇၄ နှစ် အထိ လူဦးရေ ၄၈၀ ကို ကိုယ်ကာယကြံ့ခိုင်မှု စစ်တမ်းကောက်ယူ

**မုံရွာ မေ ၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ အာဆီယံနိုင်ငံများ၏ ကိုယ်ကာယကြံ့ခိုင်မှု စစ်တမ်းကောက်ယူခြင်း စီမံချက်(APFI) အရ အသက် ၇ နှစ်မှ ၇၄ နှစ်အထိ အမျိုးသား ၂၄၀၊ အမျိုးသမီး ၂၄၀ စုစုပေါင်း ၄၈၀ ကိုစစ်တမ်းကောက်ယူခြင်းဆောင်ရွက်လျက်ရှိသည်။

မုံရွာမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလှဝင်းအောင်နှင့် အဖွဲ့ဝင်များသည် မေ ၁ ရက်က မုံရွာမြို့ ဘိုးဘွားရိပ်သာမှ အဘိုးတစ်ဦးနှင့် အဘွား ၁၁ ဦး စုစုပေါင်း ၁၂ ဦးအတွက် နိုင်ငံတော်မှ ထောက်ပံ့သည့် လူမှုရေးပင်စင် ငွေကျပ် ခုနစ်သိန်းနှစ်သောင်းကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်သည်။

ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်မင်းသန်း ဦးဆောင်သောအဖွဲ့က အာဆီယံနိုင်ငံများ၏ ကိုယ်ကာယကြံ့ခိုင်မှုစစ်တမ်းကောက်ယူခြင်း စီမံချက်(APFI) အရ အသက် ၇ နှစ်မှ ၇၄ နှစ်အထိ လူဦးရေ ၄၈၀ ကို စစ်တမ်းကောက်ယူလျက်ရှိသည်။ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မုံရွာဘိုးဘွားရိပ်သာရှိ အဘိုး ၁၅ ဦးနှင့် အဘွား ၅၇ ဦးတို့အား အဆိုပါ စစ်တမ်းကောက်ယူနေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အဆိုပါ ကိုယ်ကာယကြံ့ခိုင်မှု စစ်တမ်းကောက်ယူခြင်းစီမံချက်(APFI) အရ စစ်တမ်းကောက်ယူခြင်း ဆောင်ရွက်လျက်ရှိရာတွင် သက်ငယ်၊ သက်လတ်၊ သက်ကြီးတို့အား ကြံ့ခိုင်မှုနှင့် ပတ်သက်ပြီး စက္ကန့်သုံးဆယ်မှာ ဒိုက်ထိုးနိုင်မှုနှင့် အိပ်ထဗိုက်သားခံနိုင်မှု၊ ကွင်းလေးပတ် ပြေးနိုင်မှုအခြေအနေတို့ကိုလည်းကောင်း ပျော့ပျောင်းမှုအနေဖြင့် စက္ကန့်သုံးဆယ်အတွင်း ခုံပေါ်တွင် ထိုင်ထပြုလုပ်နိုင်ခြင်း၊ ကျောကုန်းနောက်တွင် လက်အကွာအဝေး ဘယ်လောက်အကွာအဝေးရှိခြင်းတို့ကို စစ်ဆေးပေးခြင်းဖြစ်သည်။ ထိုသို့ စစ်တမ်းကောက်ယူခြင်းကို မုံရွာမြို့နယ်၌ အသက် ၇ နှစ်မှ ၁၄ နှစ်အထိ လူဦးရေ ၁၆၀၊ အသက် ၁၅ နှစ်မှ ၁၉ နှစ်အထိ လူဦးရေ ၁၀၀၊ အသက် ၂၀ မှ ၅၉ နှစ်အထိ လူဦးရေ ၁၆၀၊ အသက် ၆၀ မှ ၇၄ နှစ်အထိ လူဦးရေ ၆၀ တို့အား အသက်အပိုင်း အခြားအလိုက် စစ်တမ်းကောက်ယူလျက်ရှိသည်။



မုံရွာမြို့ ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား ကိုယ်ကာယကြံ့ခိုင်မှု စစ်တမ်းကောက်ယူစဉ်။

မုံရွာပြည်သူ့အားကစားကွင်းအတွင်းရှိ စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဝန်ထမ်းများနှင့် အားကစားသမားများ၊ အား/ကာ သိပ္ပံ(မုံရွာ)မှ ဝန်ထမ်းများနှင့် အားကစားသမားများ၊ အ.ထ.က (၂) (အလုံ)ရှိ ကျောင်းသားကျောင်းသူများ၊ ယာဉ်မောင်းဝန်ထမ်းများအား ကိုယ်ကာယကြံ့ခိုင်မှု စစ်တမ်းကောက်ယူပြီးဖြစ်ကြောင်း မုံရွာခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာန တာဝန်ရှိသူထံမှ သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃-၅-၂၀၂၂ အင်္ဂါနေ့

**MRTV HD**

**၀၆:၀၀** ပေဋ္ဌာနသုတ်၊ ရတနသုတ်၊ တောရှုဂ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၉:၂၀** ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
**၀၉:၃၀** Road to 31st SEA Games Vietnam (ပြေးခုန်ပစ်)
**၀၉:၄၀** ဝင်ငွေသေချာရွှေနေကြာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၁:၂၅** ပြည်သူများယုံကြည်အားကိုးရမည့် မီးသတ်တပ်ဖွဲ့ဝင်များ၏စွမ်းဆောင်ရည်မြှင့် လေ့ကျင့်နေမှုများ
**၁၃:၃၀** MRTV National News
**၁၅:၁၅** ရုပ်မြင်သံကြားဇာတ်လမ်း 'ထာဝရပိတ်ငသွေဖြစ်ပါစေ'
**၁၆:၃၅** အိုဘာယ့်စတော်ဘယ်ရီ
**၁၇:၃၀** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ ခုနှစ်၊ ဧပြီလ)(တတိယပိုင်း)
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အောင်ပွဲပဏ္ဍိုင်ရင်ဆိုင်ချိတက်' (အပိုင်း-၂၉)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'တားဆီးဖြတ်ကျော်စုံစမ်းဇော်ထုတ်' (အပိုင်း-၁၈)

**mitv**

**07:01** Evergreen Classic: Shwin Lan Chan Myae Par Zay (Thae Nu Wah)
**07:07** Robe Business in Ta Ma Ta Kaw
**07:21** Trishaw Man
**07:27** Let's Taste Delicious Insects
**07:39** Karunar Kabar Home for the Aged (Nay Pyi Taw)
**08:01** Introductory Programme of Literary Award Winners (U Ye Dway)
**08:24** Kyauk Gu Umin Cave Gu Pha Ya
**08:40** Star Bean Production
**09:01** News
**09:27** Global Partnership for Brighter Future: Australia Pavilion at Expo 2020 Dubai
**09:34** Myanmar Puppeteers (Duet Dance)
**09:45** A Simple And Peaceful Life

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** ဖျိုင်းဖြူရွာကရေလုပ်သားကြီးဘဝ
**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** ခံတွင်းမြိန်စေမဲ့ဒေါ်လေးရဲ့လက်ရာ
**ချင်း(လိုင်ဇို) (၀၈:၀၀ မှ ၀၉:၀၀)** သင်မယ်၊ ရေးမယ်၊ တို့ချင်းစာ(အပိုင်း-၂၄)
**ချင်း(ချိုး) (၀၉:၀၀ မှ ၁၀:၀၀)** မျိုးစေ့အတွက်ဆုတောင်းခြင်း
**မွန် (၁၀:၀၀ မှ ၁၂:၀၀)** ကျိုက္ကမီရေလယ်နှင့်စက်ဲကမ်းခြေသို့အလည်တစ်ခေါက်
**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)** ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၃)
**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)** ဒေသတစ်လှွားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၁)
**ဝ (၁၆:၀၀ မှ ၁၈:၀၀)** လားရှိုးသို့အလည်တစ်ခေါက်
**ကချင် (၁၈:၀၀ မှ ၂၀:၀၀)** လက်ကိုင်ဖုန်းနှင့်ကျန်းမာရေး
**ကယား (၂၀:၀၀ မှ ၂၁:၀၀)** အစာသည်ဆေး ဆေးသည်အစာ အစားမှားရင်တော့ဘေး
**ဝကျောကရင် (၂၁:၀၀ မှ ၂၂:၀၀)** ပျောက်ကွယ်လုနီးပါး ဂေဘားတိုင်းရင်းသားတို့ရဲ့ တင်းဝါးပလွေများ

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကွက်လပ်ဖြည့်ပါ'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၈)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဆွစ်ဇာလန်နိုင်ငံ)(အပိုင်း-၁)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၈)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၂၅** စက်မှုလယ်ယာခေတ်သစ်ဆီ အားသစ်လောင်းလို့လက်တွဲညီ
**၀၇:၁၅** ပြုံးပန်းဝေဖြာတို့တောရွာ
**၀၇:၅၅** ပန်းမျိုးရင်းများစုဆောင်းသစ်ခွမျိုးများအကြောင်း
**၀၈:၃၃** လယ်ယာဏ္ဍာဖွံ့ဖြိုးဖို့သုတေသနများ ဆောင်ရွက်ကြပါစို့
**၀၉:၂၅** ဂျူးစိုက်မြေသို့ခရီးတစ်ခေါက်

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း



**နေပြည်တော် မေ ၂**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီး ကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ စိန်ရာဇာ သာသနာလင်္ကာရ ကျောင်းတိုက်သို့ လည်းကောင်း၊ ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်ရှိ အောင်ချမ်းသာ ကျောင်းတိုက်သို့လည်းကောင်း၊ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်ရှိ သတိပဋ္ဌာန် ကျောင်းသစ် ကျောင်းတိုက်သို့ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ်ကျောင်းတိုက်သို့လည်းကောင်း၊ ရခိုင်ပြည်နယ် ဂွမြို့နယ်ရှိ သတ္တမမေဓါနီ စာသင်တိုက်သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ မင်္ဂလာသိဒ္ဓိ ကျောင်းတိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကိုတာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းကြကြောင်း သိရသည်။ **သတင်းစဉ်**

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် မေ ၂**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က ထောင်ထားသည့် လက်လုပ်မိုင်းပေါက်ကွဲ၍ ကိုရင်ငယ်နှစ်ပါး သေဆုံးကာ ကိုရင်ငယ်တစ်ပါး ဒဏ်ရာရရှိမှု"** ခေါင်းစဉ်ဖြင့် မေ ၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့် တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"လူငယ်များရဲ့ ပညာသင်ကြားရေးကို ခြိမ်းခြောက်နေသော အနာဂတ်ကို အညွန့်ချိုးနေတဲ့ နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများ"** နှင့် ပတ်သက်သည့် ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီ ဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂-၅-၂၀၂၂

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၃၀၀၀၀ |
| ရန်ကုန် ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၁၀၆၀၀ |
| မန္တလေး ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၃၀၀၀၀ |
| မန္တလေး ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၁၀၆၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၁၅ ကျပ် | ၂၃၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၄၀ ကျပ် | ၂၃၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၅၅ ကျပ် | ၁၉၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၁၅ ကျပ် | ၂၄၁၀ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၄၆ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၃၄ . ၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၇၇၁ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၂၂ . ၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၄ . ၉၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၉ . ၉၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၄ . ၁၉၉ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၆၀၀ | ၇၈၀၀ | ၃၀၃၃ | ၂၂၈၀၁၅၀၀ |
| MTSH | ၂၆၀၀ | ၂၆၅၀ | ၂၄၉၅ | ၆၅၀၄၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - မြင့်စိုး |
| သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းများ | - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်းသတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |


mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-** **အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊** **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ၂၇-၄-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၃)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်း




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၃) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ၂၀၂၂ ခုနှစ်၊ ဧပြီ ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။**

*(ယမန်နေ့မှအဆက်)*

**Myanmar Hard Talk သတင်းဌာနမှ သတင်းထောက် ကိုဥက္ကာ**က ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးဖိတ်ခေါ်မှုသည် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးအထူးကိုယ်စားလှယ် မစ္စတာဆာဆာကာဝါ၏ ငြိမ်းချမ်းရေးခရီးစဉ်နှင့် ဆက်စပ်မှု ရှိ/မရှိ သိလိုကြောင်းမေးမြန်းသည်။

### လက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းမှရမည်

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က အဆိုပါကိစ္စနှင့်ဆက်စပ်မှုမရှိကြောင်း၊ သို့သော် မစ္စတာဆာဆာကာဝါသည် မြန်မာနိုင်ငံငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ထဲထဲဝင်ဝင်ပါဝင်ကူညီဆောင်ရွက်နေသူဖြစ်ကြောင်း၊ AA နှင့်ဖြစ်ခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများနှင့် ပတ်သက်ပြီး ထပ်မံမဖြစ်ပွားအောင် အဓိက အကျိုးဆောင်နေသည့်သူဖြစ်ကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံ အာဆီယံအလှည့်ကျ ဥက္ကဋ္ဌအနေဖြင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အာဆီယံအထူးကိုယ်စားလှယ်အနေဖြင့် ဆောင်ရွက်ရန် မစ္စတာဆာဆာကာဝါပါဝင်ဖို့ ဖိတ်ခေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် သတင်းထောက်ကြီးမေးသလို ဖိတ်ခေါ်ခဲ့ခြင်းသည် မစ္စတာဆာဆာကာဝါနှင့် ဆက်စပ်ခြင်းမရှိကြောင်း ပြောလိုကြောင်း၊ မိမိတို့ဖိတ်ခေါ်ခဲ့ခြင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ယခင်ကတည်းကတိုင် ပြောခဲ့ပြီးဖြစ်ကြောင်း၊ လွတ်လပ်ရေးရရှိသည်မှာ ၇၅ နှစ်ရှိပြီဖြစ်သော်လည်း ပြည်သူများအနေဖြင့် လွတ်လပ်ရေး၏အရသာ၊ ဒီမိုကရေစီ၏အရသာ၊ ငြိမ်းချမ်းရေးအရသာကို အပြည့်အဝမခံစားရသေးကြောင်း၊ ထို့ကြောင့် ပြည်သူများ အပြည့်အဝခံစားနိုင်ရန် မိမိတို့အနေဖြင့် လက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းမှရမည်ဆိုသည့် ခံယူချက်ဖြင့်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း သက်ဆိုင်ရာခေါင်းဆောင်များကို တိုက်ရိုက်တွေ့ဆုံမည်ဖြစ်ကြောင်း။

ယင်းကိစ္စနှင့်ပတ်သက်၍ EAOs အဖွဲ့ခေါင်းဆောင်များကို မိမိအနေဖြင့် မေတ္တာရပ်ခံလိုသည်မှာ ယခင်က ခေါင်းဆောင်များကပြောလေ့ရှိသည်မှာ ငြိမ်းချမ်းရေးလုပ်ဆောင်ရာတွင် အစိုးရကတစ်မျိုး၊ တပ်မတော်ကတစ်မျိုး၊ လွှတ်တော်ကတစ်မျိုးဟု ပြောလေ့ရှိကြောင်း၊ လက်ရှိလုပ်ဆောင်မည်မှာ တစ်ဦးတည်းဖြစ်ကြောင်း၊ ထို့ကြောင့် လက်ရှိအခြေအနေ၊ အချိန်အခါမျိုးသည် မရှိနိုင်ကြောင်း၊ သဘောထားရိုးသားစွာဖြင့် ပွင့်ပွင့်လင်းလင်းဆွေးနွေးနိုင်သည်ဟု ပြောခဲ့ပြီးဖြစ်ကြောင်း၊ တွေ့ဆုံဆွေးနွေးမှုတွင် အချို့ EAOs အဖွဲ့သည် EAOs အဖွဲ့ချင်းတူသော်လည်း သမိုင်းကြောင်းများမတူညီသလို နယ်မြေလည်းမတူညီခြင်းကြောင့် တောင်းဆိုမှုများလည်းကွဲပြားမှုရှိနိုင်ကြောင်း၊ သို့သော် တူညီသည့်အချက်များလည်းရှိမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တွေ့ဆုံဆွေးနွေးရာတွင် အားလုံးကိုတွေ့ဆုံမည်လား၊ တစ်ဖွဲ့ချင်းတွေ့ဆုံမည်လားဆိုသည်မှာ နှစ်မျိုးလုံးဖြစ်နိုင်ကြောင်း၊ အခြေခံအချက်အလက်များမတူညီသည့်အတွက် နှစ်မျိုးစလုံးဖြစ်နိုင်သည်ဟု ပြောလိုကြောင်း၊ ထို့ကြောင့် လက်ရှိအချိန်အခါမျိုးသည် မရှိသလောက်ရှားသည်ဟု မိမိအနေဖြင့်ပြောလိုကြောင်း။

သမိုင်းကိုပြန်လှည့်ကြည့်မည်ဆိုပါက ဆွေးနွေးမှုများ များစွာပြုလုပ်ခဲ့ကြောင်း၊ ၁၉၆၂ တော်လှန်ရေးကောင်စီတက်လာသည့်အချိန်တွင် KNC အဖွဲ့ (ကရင်တော်လှန်ရေး ကောင်စီ)ဘွဲ့ထူးဂုဏ်ထူးပေးလိုက်သည့် စောဟန်တာသာမွှေး ဦးဆောင်သည့်အဖွဲ့နှင့် မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးပထမဆုံး တရားဝင်လက်မှတ်ရေးထိုးသည့်ပုဂ္ဂိုလ်ဖြစ်ကြောင်း၊ တပ်မတော်အစိုးရလက်ထက်တွင်လည်း တစ်ယောက်တည်းဖြစ်ကြောင်း၊ အဆိုပါကာလတွင် အဖွဲ့ကြီး၊ အဖွဲ့ငယ် ၁၇ ဖွဲ့လည်း ငြိမ်းချမ်းရေးစာချုပ် လက်မှတ်ရေးထိုးနိုင်သည့်အဆင့်မရောက်ရှိခဲ့သော်လည်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို နှစ်ပေါင်းဆယ်စုနှစ်ချီ၍ လုပ်ဆောင်နိုင်ခဲ့ကြောင်း၊ ထို့ကြောင့် အချို့ဒေသများတွင် ဖွံ့ဖြိုးတိုးတက်မှုများရှိလာခဲ့ကြောင်း၊ ထိုအခြေအနေများကို EAOs အဖွဲ့ခေါင်းဆောင်များအနေဖြင့် မိမိတို့နေထိုင်သည့်တိုင်းရင်းသားပြည်သူလူထု၊ မြန်မာတစ်နိုင်ငံလုံးတွင်ရှိသည့်တိုင်းရင်းသားပြည်သူလူထုတို့၏ အကျိုးကိုငဲ့ကွက်သောအားဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် ပြောလိုကြောင်းနှင့် ပူးပေါင်းဆောင်ရွက်ရန်အသင့်ရှိနေသည်ဆိုသည့် စကားသံများဖြင့် အဖွဲ့လိုက်ရှင်းပြပြီး ရရှိပြီးဖြစ်ကြောင်း၊ EAO အဖွဲ့ခေါင်းဆောင်တစ်ဦးပြောခဲ့သည့် စကားကိုရည်ညွှန်းပြီးပြောလိုကြောင်း၊ **"သတ္တိရှိလို့ စစ်တိုက်ရင် ဒို့ထက်ပိုပြီး သတ္တိရှိရင် ငြိမ်းချမ်းရေးစကားလည်း ပြောရဲရမှာပေါ့"** ဆိုသည့်အတိုင်း မိမိအနေဖြင့် အထူးအလေးအနက်ထားပြီး တိုက်တွန်းလိုကြောင်း ပြန်လည်ဖြေကြားသည်။

**Myanmar National Post သတင်းဌာနမှ အယ်ဒီတာချုပ် နောင်တော်လေး**က NLD အစွန်းရောက်ကိုယ်ကျိုးရှာ နိုင်ငံရေးသမားများ၏ လှုံ့ဆော်မှုကြောင့် PDF ထဲကို ရောက်ရှိနေသည့် လူငယ်အချို့သည် ၎င်းတို့၏မိဘ၊ နေရပ်ထံကိုပြန်လိုကြသည့် သတင်းများကြားသိရကြောင်း၊ မိဘများအနေဖြင့်လည်း ပြန်လည်ခေါ်ဆောင်လိုကြလိုသည်များလည်းကြားသိရကြောင်း၊ ထိုသို့ အကြမ်းဖက်အဖွဲ့အတွင်းရောက်ရှိနေသည့်လူငယ်များအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မည်သို့ပြန်လည်ဆောင်ရွက်ပေးနိုင်သည်ကို သိလိုကြောင်း၊ PDF အတွင်းရောက်ရှိပြီးမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ လုံခြုံရေးတပ်ဖွဲ့ဝင်များထံ ဆက်သွယ်ပြီးဝင်ရောက်လာသည့် လူငယ်များကို ပြန်လက်ခံပြီးစောင့်ရှောက်ပေးခြင်းမျိုး ရှိ/မရှိ သိလိုကြောင်း မေးမြန်းသည်။

### ပြန်လည်လက်ခံသွားရန် အသင့်ရှိ

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က မိမိတို့အနေဖြင့် ယင်းကိစ္စနှင့်ပတ်သက်ပြီး သတင်းစာထဲတွင်လည်း အသေးစိတ်ကြေညာထားပြီးဖြစ်ကြောင်း၊ လူငယ်များသည်တက်ကြွသူများဖြစ်ကြောင်း၊ စူးစမ်းလေ့လာလိုစိတ်ရှိသူများဖြစ်ကြောင်း၊ ယင်းသို့ စိတ်ဓာတ်တက်ကြွသည့်လူငယ်များကို လမ်းမှားရောက်အောင် တွန်းပို့ခဲ့သည့်လူများလည်းရှိကြောင်း၊ ထို့ကြောင့် အကြမ်းဖက်အဖွဲ့ PDF အတွင်းသို့ရောက်ရှိသူများ၊ အကြမ်းဖက်အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နေသည့်သူများလည်းရှိကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး ထုတ်ပြန်ချက်များထုတ်ပြန်ထားကြောင်း၊ ရာဇဝတ်မှုတစ်ခုခုကို ကျူးလွန်ခြင်းမရှိပါက တရားဥပဒေအရ ကင်းလွတ်ခွင့်ရမည်ဖြစ်ပြီး ပြန်လည်လက်ခံကြိုဆိုခြင်းခံရမည်ဖြစ်ကြောင်း၊ တစ်ဖက်နှင့်တစ်ဖက် နှစ်ပေါင်းများစွာတိုက်ခိုက်လာကြသည့်အဖွဲ့များပင် အလင်းဝင်လာပါက လက်ခံရသည်ဖြစ်ကြောင်း၊ လူငယ်များသည် ပြည်သူလူထု၏ သား၊ သမီးများပင်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် ပြည်သူလူထုများ၊ မြန်မာနိုင်ငံသားများပင်ဖြစ်ကြောင်း၊ မည်သူသေသေ မြန်မာနိုင်ငံသားများသေခြင်းဖြစ်သောကြောင့် ယင်းကိစ္စကိုလေလုံးထွားပြီး ဂုဏ်ယူနေစရာအကြောင်းမရှိဟုပြောလိုကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပြန်လည်လက်ခံသွားရန်၊ ပြန်လည်စောင့်ရှောက်သွားရန် အသင့်ရှိသည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**Myanmar National Post သတင်းဌာနမှ အယ်ဒီတာချုပ် နောင်တော်လေး**က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ငြိမ်းချမ်းရေးမိန့်ခွန်းသည် ကြိုဆိုရမည့်ကိစ္စတစ်ခုဖြစ်သည်ကို အများစုက လက်ခံထားရှိကြောင်း၊ သို့သော် ယနေ့ ဒီအချိန်အထိ NLD အစွန်းရောက်များက အကြမ်းဖက်လုပ်ရပ်များကို နေ့စဉ်ရက်ဆက်လုပ်ဆောင်လျက်ရှိပြီး သတ်ဖြတ်မှုများလည်းလုပ်ဆောင်နေဆဲဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အကြမ်းဖက်များက မည်သို့နှောင့်ယှက်လာနိုင်ခြေရှိသည်။ နှောင့်ယှက်လာပါက မည်သို့ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသည်ကို သိလိုကြောင်း၊ ဆက်စပ်မေးခွန်းအဖြစ် လေးနှစ်သင် ပညာရေးဒီဂရီကောလိပ်များတွင် ဒုတိယနှစ်မှစတင်ပြီး သင်ရိုးညွှန်းတမ်းများ ပြည့်စုံမှုမရှိသေးသည်ဟု ကြားသိရကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာနအပိုင်းက ဆောင်ရွက်နေသည်များကို သက်ဆိုင်ရာဝန်ကြီးဌာနမှ ဖြေကြားပေးစေလိုကြောင်း မေးမြန်းသည်။


**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ငြိမ်းချမ်းရေးဖိတ်ခေါ်သည့်အကြောင်းနှင့်ပတ်သက်ပြီး EAOs များ၏သဘောထားကို မိမိအနေဖြင့်အဖွဲ့လိုက်ပြောခဲ့ကြောင်း၊ NCA လက်မှတ်ရေးထိုးထားသည့်အဖွဲ့များ၊ မရေးထိုးရသေးသည့်အဖွဲ့များနှင့်ပတ်သက်ပြီး သဘောထားများသည် မိမိပြောခဲ့သည့်အတိုင်းပင်ဖြစ်ကြောင်း၊ လက်ရှိအချိန်အထိ နေ့စဉ် အကြမ်းဖက်မှုကျူးလွန်ခြင်းများ ရှိကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍ ပြည်သူပါဝင်သည့် အင်အား၊ လိုအပ်သည့်အထောက်အပံ့ပစ္စည်း အပြည့်အစုံဆောင်ရွက်ပေးသွားရန် အစီအစဉ်ရှိကြောင်း၊ ထိုသို့လုပ်ဆောင်ရာတွင် မိမိအနေဖြင့် မေတ္တာရပ်ခံလိုသည်မှာ မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ဖြစ်ပေါ်တိုးတက်အောင် မီဒီယာများအနေဖြင့် တတ်နိုင်သည့်ဘက်မှ စတုတ္ထမဏ္ဍိုင်ပီသစွာ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလိုကြောင်း ပြန်လည်ဖြေကြားသည်။

> ❂ **လက်ရှိအချိန်အထိ နေ့စဉ် အကြမ်းဖက်မှုကျူးလွန်ခြင်းများရှိကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍ ပြည်သူပါဝင်သည့် အင်အား၊ လိုအပ်သည့် အထောက်အပံ့ပစ္စည်း အပြည့်အစုံ ဆောင်ရွက်ပေးသွားရန် အစီအစဉ်ရှိ**

**ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး**က ပညာရေးဒီဂရီကောလိပ်များတွင် လေးနှစ်သင် သင်တန်းများနှင့်ပတ်သက်၍ လောလောဆယ် ပညာရေးဒီဂရီကောလိပ်များတွင် လက်ရှိဖွင့်လှစ်ထားရှိသည့် ပထမနှစ်နှင့် ဒုတိယနှစ်သင်တန်းများအတွက် သင်ရိုးညွှန်းတမ်းများ ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ကျန်ရှိသည့်သင်တန်းများမှာ ဖွင့်လှစ်ခြင်းမရှိသေးသဖြင့် ဆောင်ရွက်ဆဲသာရှိကြောင်း၊ ပညာရေးဒီဂရီကောလိပ်နှင့်ပတ်သက်သည့် ဆရာအတတ်သင်ပညာဦးစီးဌာနအတွက် ညွှန်ကြားရေးမှူးချုပ်လည်းရောက်ရှိနေပြီဖြစ်ကြောင်း၊ ယင်းဦးစီးဌာနသည်အသစ်ဖြစ်သည့်အတွက် ၎င်းဦးစီးပြီး ဆက်လက်ဆောင်ရွက်နေကြောင်း ဖြည့်စွက်ပြောကြားသည်။

*စာမျက်နှာ ၂၁ သို့*

## နိုင်ငံတော်ဝန်ကြီးချုပ်၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားနှင့် EAO ခေါင်းဆောင်များအား ငြိမ်းချမ်းရေးဖိတ်ခေါ်ခြင်း ပြောကြားမှုများ



*စာမျက်နှာ ၂၀ မှ*

**People Media မှ သတင်းထောက်ချုပ် ဦးကျော်စိုးဦး**က PDF များကို လက်နက်များတပ်ဆင်ပေးခြင်း၊ စစ်သင်တန်းပေးခြင်းများဆောင်ရွက်ပေးနေသည့် KNU၊ KIA အဖွဲ့များနှင့်ပတ်သက်ပြီး အစိုးရနှင့် ၎င်းအဖွဲ့များ ဆက်ဆံရေးအခြေအနေကို သိလိုကြောင်း၊ အကြမ်းဖက်အဖွဲ့အစည်းများကို မွေးထုတ်ပေးသည့် လက်နက်ကိုင်အဖွဲ့များကို မည်သို့ပြောလိုသည်ကို သိလိုကြောင်းမေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က PDF အဖွဲ့များကိုအဓိကအားဖြင့် လက်နက်နှင့် သင်တန်းပေးနေသည့် အဖွဲ့အစည်းများရှိကြောင်း၊ သတင်းထောက်ကြီးပြောသည့် အဖွဲ့အစည်းများပါသလို အခြားအဖွဲ့အစည်းများလည်းပါဝင်ပတ်သက်နေကြောင်း၊ လက်တွေ့ဖြစ်ပျက်နေသည့်အခြေအနေကို သုံးသပ်ရန်လိုကြောင်း၊ ယခင်တုန်းက EAOs အဖွဲ့များရှိနေသည့် နယ်မြေများသာနစ်နာမည်ဖြစ်ကြောင်း၊ ယခင်ငြိမ်းချမ်းခဲ့စဉ်က ဖွံ့ဖြိုးတိုးတက်မှုရှိခဲ့ကြောင်း၊ ယခုအချိန်တွင် သေနတ်သံ၊ ဗုံးသံများပြန်လည်ကြားနေရကြောင်း၊ ၎င်းတို့အကြားတွင်လည်း သဘောထားကွဲလွဲမှုများရှိသည်ဟု ကြားသိခဲ့ရကြောင်း၊ KNPP ကကန့်ကွက်ထားသည့် NUG က ၎င်းတို့နယ်မြေထဲတွင် ယင်းတို့အုပ်ချုပ်ရေးစနစ်များ၊ ကြေညာခြင်းများရှိခြင်းကြောင့် သဘောထားကွဲလွဲမှုများရှိနေကြောင်း၊ ထို့အပြင်အခြား သဘောထားကွဲလွဲမှုများလည်း ရှိသေးကြောင်း။

### ငြိမ်းချမ်းရေးအတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်

မိမိပြောလိုသည်မှာ EAOs အဖွဲ့များအနေဖြင့် မိမိတောင်းဆိုချက်၊ မိမိတို့၏ရပ်တည်ချက်များကို ပြန်လည်ဆန်းစစ်ရန်လိုကြောင်း၊ ခြုံငုံပြောရလျှင် တကယ်တောင်းဆိုနေသည်မှာ တိုင်းရင်းသားများ၏ အခွင့်အရေးနှင့် တိုင်းရင်းသားနယ်မြေများ၏ အခွင့်အရေးဖြစ်ကြောင်း၊ တိုင်းရင်းသားများ၏ အခွင့်အရေးနှင့် တိုင်းရင်းသားနယ်မြေများ၏ အခွင့်အရေးကိုရရှိရန်အတွက် မဲလိမ်၊ မဲခိုးမှုကို ရှင်းလင်းခြင်းမပြုဘဲ မဲလိမ်မဲခိုးမှုကို ရှင်းနိုင်သည့်အခွင့်အရေးများ၊ ညှိနှိုင်းနိုင်သည့်အခွင့်အရေးများပေးထားလျက် မရှင်းဘဲ အကြမ်းဖက်လုပ်ရပ်ကိုရွေးချယ်ပြီး ထွက်ပြေးသွားသည့် လူများကိုထောက်ခံမှု၊ ပံ့ပိုးမှု EAOs များ တောင်းဆိုနေသည့် တိုင်းရင်းသားများ၏အခွင့်အရေး၊ တိုင်းရင်းသားနယ်မြေများ၏ အခွင့်အရေးက ရမည်လား၊ နံပါတ်တစ်အနေဖြင့် ယင်းအချက်ကို စဉ်းစားရန်လိုကြောင်း၊ နံပါတ်နှစ်အနေဖြင့် ဖြစ်တည်မှုသမိုင်းကြောင်း၊ ရပ်တည်ချက်များ မတူညီသည်ကိုသတိပြုရန်လိုကြောင်း၊ ဖြစ်တည်မှုသမိုင်းကြောင်း ရပ်တည်ချက်များ မတူညီပါက မည်သည့် အကြောင်းများဖြစ်လာနိုင်မည်ကိုလည်း သိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ပြောကြားခြင်းဖြစ်ကြောင်း၊ အကြောင်းမဲ့ပြောခြင်းမဟုတ်ကြောင်း၊ ပဲခူးရိုးမမှ ဗကပ (ဗဟို) အရှေ့မြောက်ဒေသကို ရောက်သွားသည့်အချိန်တွင် အရှေ့မြောက်ဒေသဖြစ်သွားသည်ကို မိမိပြောခြင်းဖြစ်ကြောင်း၊ အရှေ့မြောက်ဒေသ၌ ဗကပချုပ်ငြိမ်းသွားသည့်အချိန်တွင် ယင်းဒေသ မည်သို့ဖြစ်သွားသည်ဆိုသည်ကို မိမိပြောခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ မိမိပြောလိုသည်မှာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ငြိမ်းချမ်းရေးအတွက်အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်နိုင်ရေးအတွက် တံခါးဖွင့်နိုင်သမျှဖွင့်၍ ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် EAOs များအနေဖြင့် မိမိတို့၏ တိုင်းရင်းသားဒေသများ၏အကျိုး၊ မိမိတို့၏နယ်မြေဒေသအကျိုး၊ မြန်မာပြည်သူလူထုတစ်ရပ်လုံး၏အကျိုး၊ တိုးတက်ဖွံ့ဖြိုးလိုသည့်အကျိုးများကို ရှေးရှုပြီး ပူးပေါင်းပါဝင်လက်တွဲပြီးဆောင်ရွက်နိုင်ပါက မိမိတို့ အာမခံထားသည့် တပ်မတော်နှင့် နိုင်ငံတော်အစိုးရအနေဖြင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို အာမခံပြီးဖြစ်ကြောင်း၊ အာမခံသည်ကို ပြန်လည်ခွဲခြမ်းစိတ်ဖြာကြည့်မည်ဆိုပါက နံပါတ်တစ်အနေဖြင့် ဒီမိုကရေစီစနစ်ကို အာမခံကြောင်း၊ မည်သို့သောဒီမိုကရေစီစနစ်လည်းဆိုလျှင် ပါတီစုံဒီမိုကရေစီစနစ်ကို အာမခံကြောင်း၊ နံပါတ်နှစ်အနေဖြင့် ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်ကို အာမခံကြောင်း၊ EAOs များအနေဖြင့် မည်သည်ကိုတောင်းဆိုနေတာလဲဟု မေးလိုကြောင်း၊ တောင်းဆိုသည့်အထဲတွင် ဖက်ဒရယ်ဆိုသည့် စကားရပ်အမြဲပါလေ့ရှိကြောင်း၊ ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်ကို အာမခံပြီးဖြစ်ကြောင်း၊ ဖက်ဒရယ်ဆိုသည့်နေရာတွင် လုပ်ပိုင်ခွင့်အာဏာနှင့် ခွဲဝေရယူခြင်းဆိုသည့်ကိစ္စကို မိမိတို့ပြောပြီးဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားများ၊ EAOs ခေါင်းဆောင်များ သတိချပ်စေလိုသည်မှာ NLD လက်ထက်တွင် ၎င်းတို့တောင်းဆိုခဲ့သည့် ပုဒ်မ-၂၆၁ ဝန်ကြီးချုပ်ခန့်ထားရေးနှင့်ပတ်သက်၍ တောင်းဆိုခဲ့သည့်နေရာတွင် ပြည်နယ်က တိုင်းရင်းသားများတင်လိုသည့်၊ တိုင်းရင်းသားပါတီများတင်လိုသည့် ဝန်ကြီးချုပ်တင်လျှင်ကောင်းမည်ဟုဆိုသည့် အဆိုကို ပထမဆုံးထောက်ခံခဲ့သည်မှာ တပ်မတော်သာဖြစ်သည်ကို မမေ့ရန်လိုသည်ဟု မိမိပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

### မီဒီယာများနှင့် ပူးပေါင်းဆောင်ရွက်

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦး**က မိမိအနေဖြင့် မေးခွန်းမမေးမီ ဗိုလ်ချုပ်ကမီဒီယာများကို ဖြေကြားပေးရန် မေးခွန်းထုတ်သွားတာရှိပါကြောင်း၊ ထိုအထဲမှ မေးခွန်းတစ်ခုကို ဖြေကြားလိုပါကြောင်း၊ UEC အနေဖြင့် မဲစာရင်းမှားယွင်းမှုကိစ္စနှင့် ပတ်သက်ပြီး မီဒီယာများအနေနဲ့ မေးမြန်းမှုများရှိပါသလား၊ ၎င်းတို့က ဖြေကြားမှုရှိခဲ့လားဆိုသည်ကို မိမိပြောကြားလိုကြောင်း၊ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မိမိကိုယ်တိုင်ကြုံတွေ့ခဲ့ရသည်မှာ မိမိသည် မဲရုံတစ်ရုံကိုသွားကြောင်း၊ မဲရုံမှူးနှင့်အဆင်ပြေကြောင်း၊ မဲရုံထဲတွင် ရိုက်ကူးရေးလုပ်၍ရကြောင်း၊ ထိုအချိန်တွင် မဲရုံ၏အပြင်၌ရှိနေသည့် အဖွဲ့တစ်ဖွဲ့က ကန့်ကွက်မှုများလုပ်ပြီး ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌကိုလှမ်းပြီး အကြောင်းကြားကြောင်း၊ ရပ်/ကျေး ဥက္ကဋ္ဌနှင့် မိမိက ကြိုတင်မဲပေးသည့်အချိန်တွင် ရင်းနှီးပြီးသားဖြစ်ကြောင်း၊ သို့သော် ၎င်းဥက္ကဋ္ဌရောက်လာပြီး မိမိရိုက်ပြီးသားဓာတ်ပုံများကို ပြခိုင်းခဲ့ကာ တရားဥပဒေအရ တရားစွဲခံရမည်ဟု ပြောသည်အထိရှိခဲ့ကြောင်း၊ ထိုနေ့ကဖြစ်စဉ်ကို စာနယ်ဇင်းကောင်စီအတွင်းရေးမှူးဖြစ်သည့် ဦးမြင့်ကျော်ထံ သတင်းပို့ခဲ့ကြောင်း၊ အဘယ်ကြောင့် ထိုသို့သတင်းပို့ရသည်ဆိုပါက အကယ်၍ မိမိအဖမ်းအဆီးခံရမည်ဆိုပါက စာနယ်ဇင်းကောင်စီအနေဖြင့် ရှင်းလင်း၍ရနိုင်ရန်ဖြစ်ကြောင်း၊ ထိုကဲ့သို့ပင် ရွေးကောက်ပွဲပြီးသည့်အချိန်တွင် UEC ကပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ခုတွင် သတင်းထောက်ညီမငယ်တစ်ဦးက နေပြည်တော်မဲရုံတွင်ဖြစ်ပေါ်ခဲ့သည့် ၎င်း၏ကိုယ်တွေ့မှားယွင်းနေသည့်ကိစ္စများ ပြောပြသည့်အချိန်၌ တာဝန်ဝတ္တရားနှောင့်ယှက်မှုနှင့် တရားစွဲခံရမည်ဟု ပြောသွားသည့်ကိစ္စမှာ ရုပ်သံဗီဒီယိုဖိုင်များလည်းရှိကြောင်း၊ ထိုသို့ပြောဆိုခဲ့သည့်အပြင် အချက်အလက်ခိုင်ခိုင်မာမာနှင့် ပြောသွားသည်ကို "စိတ်ကူးယဉ်ဆန်နေတာလား" ဆိုသည့် ပြောကြားမှုမျိုးရှိခဲ့ကြောင်း၊ ထိုကိစ္စများဖြစ်ပွားပြီးသည့်နောက်ပိုင်းတွင် မီဒီယာများသည် UEC နှင့် မဲကိစ္စများနှင့်ပတ်သက်၍ ထိုအချိန်က ရှေ့ဆက်ပြောဆိုရန် မဖြစ်နိုင်တော့သည်ကို သဘောပေါက်သွားကြောင်း၊ ထိုကိစ္စက ဗိုလ်ချုပ်မေးသည့် မေးခွန်းကို ဖြေပြီးသားဖြစ်လိမ့်မည်ဖြစ်ကြောင်း၊ အကြံပေးသည့်ကိစ္စနှင့်ပတ်သက်၍ အကြံပြုလိုသည်မှာ လာမည့်ရွေးကောက်ပွဲတွင် လက်ရှိ UEC အနေဖြင့် အလားတူဖြစ်စဉ်မျိုးအား စံနမူနာထား၍ မီဒီယာများနှင့် ပူးပေါင်းဆောင်ရွက်ပေးနိုင်ရန် မိမိအနေဖြင့် တိုက်တွန်းလိုကြောင်း၊ မိမိအနေဖြင့် အကြံပြုတိုက်တွန်းလိုသည့် အကြောင်းအရာတစ်ခုရှိကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး အရှေ့ပိုင်းတွင် ဗိုလ်ချုပ်ပြောခဲ့ကြောင်း၊ သတင်းသမားတစ်ယောက်၏ မေးမြန်းမှုကို ဖြေကြားသည့်အချိန်တွင် မီဒီယာများသည် စတုတ္ထမဏ္ဍိုင်တစ်ခုအနေဖြင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဆွေးနွေးပွဲများလုပ်ဆောင်နေသည့်အချိန်တွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် ပြောခဲ့ကြောင်း။

NLD အစိုးရလက်ထက်က ဖမ်းဆီးခံခဲ့ရပြီး လက်ရှိအကျဉ်းထောင်ထဲတွင် ရှိနေဆဲဖြစ်သည့် ပုဂ္ဂိုလ်များထဲတွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ထိထိရောက်ရောက် အကျိုးဆောင်ပေးနိုင်သည့် ပုဂ္ဂိုလ်များရှိနေကြောင်း၊ ၂၀၂၂ ခုနှစ် ဧပြီ ၂၂ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကြီးအနေဖြင့် သာသနာရေးဝန်ကြီးဟောင်းဖြစ်သည့် ဦးအောင်ကိုအား ပြစ်ဒဏ်ထက်ဝက်လျှော့ချပေးလိုက်သည် ဆိုသည့်ကိစ္စကို နိုင်ငံတော်အမိန့်ပြန်တမ်းနှင့် ထုတ်ပြန်ခဲ့ကြောင်း၊ မိမိပြောသွားသည့် ငြိမ်းချမ်းရေးအကျိုးဆောင်ပုဂ္ဂိုလ်များအနက် လက်ရှိကာလတွင် ပြစ်ဒဏ်အနည်းငယ်သာကျန်တော့သည့် ပုဂ္ဂိုလ်များလည်းရှိကြောင်း။

### ငြိမ်းချမ်းရေး ဖော်ဆောင်ရာတွင် ပူးပေါင်းဆောင်ရွက်ရန် အကြံပြု

NLD ပါတီ၏နိုင်ငံရေးအကောက်ကြံမှုကြောင့် လက်ရှိအကျဉ်းကျခံနေရသည့် UDP ပါတီဥက္ကဋ္ဌ နှင်းဆီ ဦးကျော်မြင့်ဆိုလျှင် လက်ရှိပြစ်ဒဏ်ကာလမှာ တစ်နှစ်ကျော်သာကျန်တော့ကြောင်း၊ အရှေ့ပိုင်းတွင် လွှတ်ပေးခဲ့သည့် အချို့ပုဂ္ဂိုလ်များဆိုလျှင် ပြစ်ဒဏ် ၁၂ နှစ်ကို ခြောက်နှစ်အထိလျှော့ချပေးခဲ့ကြောင်း၊ ဦးကျော်မြင့်ကဲ့သို့ ပုဂ္ဂိုလ်မျိုးဆိုပါက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ထိထိရောက်ရောက် ထဲထဲဝင်ဝင်ရှိသည်ကို အကြံပြုလိုကြောင်း၊ ဦးကျော်မြင့်၏ယောက္ခမဆိုလျှင် ဗကပကာလက စစ်ဦးစီးချုပ်ဖြစ်ခဲ့ကြောင်း၊ "ဝ" ဒေသတွင်လည်း ဗဟိုကော်မတီဝင်ဖြစ်ခဲ့ကြောင်း၊ ဦးကျော်မြင့်ကိုယ်တိုင်မှာလည်း ထိုအချိန်က ဗျူဟာမှူးတစ်ဦးအဆင့်ရှိခဲ့သကဲ့သို့ လက်ရှိမြောက်ပိုင်းရှမ်းဖွဲ့၏ ခေါင်းဆောင်ဖြစ်သည့် UWSA ဦးပေါက်ယူချမ်းနှင့်လည်း သွေးသောက်ညီအစ်ကိုဖြစ်ခဲ့ကြောင်း၊ ယခုငြိမ်းချမ်းရေးဖော်ဆောင်မှုတွင် ၎င်းအပါအဝင် ကျန်သည့်ပုဂ္ဂိုလ်များလည်းရှိကြောင်း၊ မိမိအနေဖြင့် နာမည်မမှတ်မိကြောင်း၊ ၎င်းပုဂ္ဂိုလ်များကို ပူးပေါင်းဆောင်ရွက်ရန် ဗိုလ်ချုပ်တို့အနေဖြင့် ဖိတ်ခေါ်ပြီး ၎င်းတို့၏ ပြစ်ဒဏ်များကို ပြန်လည်လွတ်ငြိမ်းခွင့်ပေး၍ ငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်ရန် အကြံပြုလိုကြောင်း၊ ယခုလက်ရှိဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အဆင်ပြေအောင်မြင်၍ တိုင်းပြည်ငြိမ်းချမ်းသွားပြီဆိုပါက အနာဂတ်ကာလတွင် မြေပေါ်မြေအောက်ပေါင်းစပ်မှုဖြစ်သွားမည်ဖြစ်သည့်အတွက် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်တိုးမြှင့်လုပ်ဆောင်နိုင်တော့မည်ဖြစ်ကြောင်း၊ အောင်မြင်ရန်အလားအလာမှာ ဗိုလ်ချုပ်ပြောသွားသည့် အချက်အလက်များနှင့် မြေပြင်အခြေအနေအရ လက်ရှိတွင် ၅၀ ရာခိုင်နှုန်းအထက်၌ရှိနေကြောင်း၊ ကျန်သည့်ကိစ္စအနည်းငယ်ကိုသာ အားစိုက်ထုတ်ရန်လိုသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် နစကအနေဖြင့် လက်ရှိတွင် လုပ်ငန်းအစီအစဉ်၊ စီမံချက်များရေးဆွဲထားပြီးဖြစ်သည်ဟုလည်း ကြားရကြောင်း၊ ၎င်းကိစ္စများကို ပြည်သူများသိရှိနိုင်ရန် မည်သည့်အချိန် ချပြမည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မိမိတို့လုပ်ဆောင်ထားသည့်ကိစ္စများရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကလည်း မကြာခဏပြောကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့အနေဖြင့် ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ၂၀၂၂ ခုနှစ်တွင် လုပ်ဆောင်သွားမည့် မဟာဗျူဟာများ၊ နည်းဗျူဟာများရှိပြီးဖြစ်ကြောင်း၊ မိမိတို့အစိုးရသည် (intern)အစိုးရဖြစ်ကြောင်း၊ ရွေးကောက်ပွဲကို နိုင်ငံတစ်ဝန်း၌ အကြားအလပ်မရှိကျင်းပနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲကို General election ဆိုသည့် နာမည်နှင့်အညီ တစ်နိုင်ငံလုံး ပျံ့ပျံ့နှံ့နှံ့ မျှမျှတတကျင်းပနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုကိစ္စများပြီးပါက မိမိတို့အနေဖြင့် မိမိတို့၏တာဝန်များကိုသာ ဆက်လက်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း။

*စာမျက်နှာ ၂၂ သို့*







*စာမျက်နှာ ၂၁ မှ*

### အမျိုးသားရေးရည်မှန်းချက်

မိမိတို့လက်ရှိတာဝန်ယူဆဲကာလ၌ နိုင်ငံတော်ကိုတည်ငြိမ်အေးချမ်း၍ ဖွံ့ဖြိုးတိုးတက်မှုရရှိရန် အမျိုးသားရေးရည်မှန်းချက် ချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုကိစ္စကိုလည်း ပြည်သူလူထုအား ပြောပြီးဖြစ်ကြောင်း၊ မိမိတို့ ယခုဆောင်ရွက်နေသည့် အမျိုးသားရေးရည်မှန်းချက် (၂)ရပ်၊ နိုင်ငံတော် သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကိစ္စများကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေနှင့် အသေးစိတ်အစီအစဉ်များကို Cabinet အစည်းအဝေးများ၊ မိန့်ခွန်းများနှင့် ကောင်စီအစည်းအဝေးများတွင် မကြာခဏပြောပြီးဖြစ်ကြောင်း၊ ထိုသို့ပြောကြားချက်များရှိသည်ဟု ရိုးရိုးသားသားဝန်ခံကြောင်း ပြန်လည်ဖြေကြားသည်။

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦး**က ဆက်လက်မေးမြန်းရာတွင် မူဝါဒပိုင်းဆိုင်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်ငါးချက်တွင်ပါဝင်သည့် ကိုဗစ်ကိစ္စနှင့်ပတ်သက်၍ပြောရလျှင် မည်သို့ပင်ဆိုစေကာမူ အောင်မြင်သွားပြီဟု ပြောလိုကြောင်း၊ ယမန်နေ့အထိဆိုလျှင် ကူးစက်မှုနှုန်း ဝ ဒသမ ၁၉ ရာခိုင်နှုန်းခန့်သာရှိတော့သည်ကို တွေ့ရကြောင်း၊ ကျန်သည့်လေးချက်ကိုလည်း ဆက်လက်လုပ်ဆောင်နေသည်ကို တွေ့ရကြောင်း၊ လတ်တလောတွင် မြေပြင်၊ လူမှုကွန်ရက်များနှင့် နိုင်ငံရေးအသိုင်းအဝိုင်းများအကြားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မူဝါဒများပြောင်းလဲနိုင်သည်ဆိုသည့် ပြောဆိုမှုများကိုကြားရကြောင်း၊ ထိုသတင်းအချက်အလက်များအရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် မူဝါဒများပြောင်းလဲရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါကမည်ကဲ့သို့သော အစီအစဉ်မျိုးဖြစ်သည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ယခုလတ်တလောတွင် အစီအစဉ်မရှိသေးကြောင်း၊ မိမိတို့ထုတ်ပြန်ထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉)ရပ်အတိုင်းသာ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်တွင်ပြောကြားခဲ့သည့် နှစ်ပတ်လည်မိန့်ခွန်းတွင် ပါပြီးဖြစ်သည့် အမျိုးသားရေးရည်မှန်းချက် (၂)ရပ်ရှိကြောင်း၊ ၂၀၂၂ ခုနှစ်အား ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်၍ ငြိမ်းချမ်းရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အခြားအစီအစဉ်များမရှိကြောင်း ပြန်လည်ဖြေကြားသည်။

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦး**က မိမိမေးမြန်းသည့်ပထမမေးခွန်းတွင် အချက်တစ်ချက်ကျန်ခဲ့ကြောင်း၊ အနာဂတ်ငြိမ်းချမ်းရေးဖြစ်စဉ် ဖော်ဆောင်မှုနှင့်ပတ်သက်ကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ထိုကိစ္စကို မိမိဖြေခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့သည် intern အစိုးရဖြစ်ကြောင်း၊ မိမိတို့၏ရည်မှန်းချက်များတွင် ငြိမ်းချမ်းရေးအောင်မြင်အောင်လုပ်ဆောင်ရန် လုပ်ငန်းစဉ်များရှိသည်ကို ရိုးရိုးသားသားဝန်ခံကြောင်း၊ အနာဂတ်တိုင်းပြည်နှင့် လူမျိုးဖွံ့ဖြိုးတိုးတက်ရန် နောင်တက်လာမည့်အစိုးရက ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့တွင် လတ်တလောအစီအစဉ်မရှိသည်ကိုလည်း ရိုးရိုးသားသားဝန်ခံသည်ဟု ပြောပြီးဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**General Life သတင်းဌာနမှ သတင်းထောက် ဦးအောင်ထူးထက်**က မိမိအနေဖြင့် လက်ရှိမြေယာကိစ္စကို မေးမြန်းလိုကြောင်း ယခင်က တပ်မတော်မှလိုအပ်ချက်အရ သိမ်းယူခဲ့သည့်မြေများကို ၂၀၁၀ ခုနှစ်နောက်ပိုင်းတွင် ပြန်လည်စွန့်လွှတ်ခြင်းများရှိကြောင်း၊ စွန့်လွှတ်မြေများသည် မူလသိမ်းဆည်းခံတောင်သူများထံ တပ်မတော်မှ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် ပြန်လည်စွန့်လွှတ်ခြင်းဖြစ်ကြောင်း၊ သို့သော် မြေပြင်ပကတိအခြေအနေတွင် တောင်သူများလက်ဝယ်သို့ တိုက်ရိုက်ရောက်ရှိသည်များလည်းရှိကြောင်း၊ အခြားသောမြေနှင့် မသက်ဆိုင်သောသူများထံသို့လည်း ရောက်ရှိသွားသည်များလည်းတွေ့ရကြောင်း၊ တောင်သူများအနေဖြင့် ပထမတစ်ချက် တပ်မတော်က လိုအပ်ချက်အရသိမ်းခဲ့သဖြင့် တစ်ကြိမ်နစ်နာကြောင်း၊ ပြန်လည်စွန့်လွှတ်သည့်အချိန်တွင် အခြားသောသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ ရယူသွားသူများရှိသဖြင့် မရရှိတော့သည့် နစ်နာမှုများရှိကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် တပ်မတော်မှ လိုအပ်ချက်အရ သိမ်းဆည်းခဲ့သည့်အခြေအနေနှင့် ဖြစ်ခဲ့သည့်ကိစ္စဖြစ်၍ ယခုလက်ရှိ အစိုးရလက်ထက်တွင် အကောင်းဆုံး မည်ကဲ့သို့ကိုင်တွယ်ဖြေရှင်းပေးရန်ရှိသည်ကို သိလိုကြောင်းမေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က မြေယာကိစ္စနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် အကြိမ်ကြိမ်ဖြေရှင်းပေးပြီးဖြစ်ကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ တပ်မတော်မှပြန်လည်စွန့်လွှတ်သည့် မြေယာများကို ပိုင်ရှင်လက်ဝယ်သို့ ထည့်ပေးလိုက်ခြင်းမဟုတ်ဘဲ မြေယာစီမံခန့်ခွဲပိုင်ခွင့်ရှိသော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြေစာရင်းအရ စာရင်းများသာဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာကိုသာ အပ်နှံခြင်းဖြစ်ကြောင်း၊ အစိုးရကိုပြန်လည်အပ်နှံကြောင်း၊ အစိုးရမှ သက်ဆိုင်ရာကိုပြန်လည်အပ်နှံကြောင်း၊ လုပ်ထုံးလုပ်နည်း အဆင့်ဆင့်လုပ်ရကြောင်း၊ တပ်မတော်မှ မူလပိုင်ရှင်ဖြစ်ခဲ့ခြင်း မဖြစ်ခဲ့ခြင်းဆိုသည်မှာ ၎င်းတို့၏ စာရင်းပေါက်သော စိစစ်သည့်အပေါ်သာမူတည်ကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ လတ်တလောပြင်ဆင်ရန်မရှိကြောင်း မြေယာနှင့်ပတ်သက်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြေစာရင်းတို့ကို ၎င်းတို့၏လုပ်ထုံးလုပ်နည်းနှင့်အညီ ရှင်းပြပေးနိုင်ရန် သတင်းစာရှင်းလင်းပွဲသို့ ခေါ်ထားကြောင်း၊ ယခုမေးခွန်းများပြီးပါက တာဝန်ရှိသူများက ရှင်းလင်းပြမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**General Life သတင်းဌာနမှ သတင်းထောက် ဦးအောင်ထူးထက်**က ၂၀၁၀ မှ ၂၀၁၅ ခုနှစ်အကြား၊ ၂၀၁၅ မှ ၂၀၂၀ ခုနှစ်အကြားတွင် စွန့်လွှတ်မြေကို ပြန်လည်ပေးအပ်နိုင်ခဲ့ခြင်းအခြေအနေ၏ ကိန်းဂဏန်းကို သိလိုကြောင်း မေးမြန်းသည်။

### လိုအပ်သည့်မြေမှအပ ကျန်မြေများကို ပြန်လည်စွန့်လွှတ်

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က လက်ရှိတွင် ကိန်းဂဏန်းများကို မိမိအနေဖြင့် ဖြေရှင်းပေးနိုင်ခြင်းမရှိကြောင်း သက်ဆိုင်ရာမှ တောင်းခံပြီးမှသာ ဖြေနိုင်မည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် မူဝါဒကိုသာဖြေနိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်မှ လိုအပ်ချက်အရသိမ်းဆည်းထားသည့်မြေများမှ မူဝါဒများချပြီး ပြန်လည်ပေးအပ်လျက်ရှိကြောင်း၊ လက်တွေ့တွင် ယခင်ကစီမံချက်များရှိကြောင်း၊ ယင်းစီမံချက်များကို လက်တွေ့အကောင်အထည်မဖော်ဘဲ နောင်တွင်လည်း အကောင်အထည်မဖော်ဖြစ်သည့် မြေများနှင့်ပတ်သက်၍ ပြန်လည်စွန့်လွှတ်ခြင်းများရှိကြောင်း၊ တပ်များတွင် လုံခြုံရေးအရ လိုအပ်သည့်မြေများရှိကြောင်း၊ လုံခြုံရေးအရ လိုအပ်သည့်မြေမှအပ ကျန်မြေများကို ပြန်လည်စွန့်လွှတ်ပါဟု ခိုင်းထားကြောင်း၊ တပ်မတော်အနေဖြင့် စွန့်လွှတ်ခဲ့ပြီးဖြစ်ကြောင်း၊ ယင်းသို့ စွန့်လွှတ်ခဲ့သည့် မြေများကိုလည်း သက်ဆိုင်ရာလုပ်ထုံးလုပ်နည်းဖြင့်အညီသာ လုပ်ရကြောင်း၊ မိမိတို့ကိုယ်တိုင်ပေး၍လည်းမရကြောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများကိုသာအပ်နှံပြီးဖြစ်သည်ဟု ပြောလိုပါကြောင်း၊ ယင်းနှင့်ပတ်သက်၍ ပြည်ထဲရေးနှင့် မြေစာရင်းဦးစီးဌာနမှ တာဝန်ရှိသူများကလည်း ဖြေကြားနိုင်သည်များ ဖြေကြားပေးရန် ပြောကြားသည်။

